# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက်**

**(၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၈၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၁၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃၀-၅-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာပန်ကြားအပ်ပါတယ်။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၈၉ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၃၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၂၆ ဦးကတော့ ယမန်နေ့ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၇ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၂) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၅ ရက်၊

(၄) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၆) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်နှင့်

(၇) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး ယနေ့ ခွင့်ပြုထားသူ ၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## လွှတ်တော်ပေါ်ပေါက်ချိန်မှ ယခုအချိန်ထိ လွှတ်တော်၏ ဆောင်ရွက်ချက်များကို အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ပေါ်ပေါက်ချိန်မှ ယခုအချိန်ထိ လွှတ်တော်ရဲ့ဆောင်ရွက်ချက်များကို တင်ပြသွားဖို့ဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအတွင်းရေးမှူး တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းမြင့်(အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအတွင်းရေးမှူး ဦးသန်းမြင့် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တင်ပြမယ့် အကြောင်းအရာကတော့ လွှတ်တော်အတွင်းနဲ့ လွှတ်တော်ပြင်ပမှာ လွှတ်တော်ဥက္ကဋ္ဌ၊ လက်ရှိပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ လွှတ်တော်ဆိုင်ရာဆောင်ရွက်ချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များ လေ့လာဆန်းစစ်သုံးသပ်နိုင်ရန် ကော်မတီကိုယ်စား တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကော်မတီဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)ပါ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီများအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းပြီး နိုင်ငံတော်နဲ့ ပြည်သူများအကျိုးစီးပွားအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)၊ ဇယား(၄)ပါအတိုင်း တာဝန်ဝတ္တရားတွေကို ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်ရန် ကတိသစ္စာပြုဆောင်ရွက်တဲ့ အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၁၁ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)ပါ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာခက်မသုံးဖြာထဲက နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်အပါအဝင် လွှတ်တော်အဆင့်ဆင့်အား ခွဲဝေအပ်နှင်းထားတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အဆိုပါ အဓိကတာဝန်ကို ဆောင်ရွက်ရတဲ့အပြင် ကော်မတီအနေနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ ပါအတိုင်း စိစစ်ခြင်း၊ နည်းဥပဒေ ၁၀၀ နှင့်အညီ ကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်သို့ အပတ်စဉ်တင်ပြခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်အဆင့်ဆင့် စတင်ပေါ်ပေါက်တဲ့အချိန်ကစပြီး ယခုအချိန်ထိ လွှတ်တော်သက်တမ်းသုံးနှစ်ကျော်ကာလအတွင်း လက်ရှိစနစ်နဲ့ မဆီလျော်တဲ့ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်း၊ အသစ်ရေးဆွဲနိုင်ရန် လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(ဂ)ပါနှင့်အညီ ကော်မတီ ၂၃ ဖွဲ့နဲ့ ဥပဒေဆိုင်ရာကျွမ်းကျင်သည့်ပညာရှင်များပါဝင်တဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တစ်ဖွဲ့ ဖွဲ့စည်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်

အဖွဲ့အစည်းဝင်များနှင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်ပြီး ဥပဒေများပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရန်ဆောင်ရွက်ခြင်း ပြုလုပ်ခဲ့ကြောင်း စိစစ်တင်ပြအပ်ပါတယ်။ လွှတ်တော် အဆင့်ဆင့်စတင်ပေါ်ပေါက်တဲ့ကာလမှာ ရှိနေချိန်တုန်းက ပြုစုခဲ့တဲ့စာရင်းအရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ စီမံခန့်ခွဲတဲ့ဥပဒေပေါင်း ၄၀၁ ခုရှိခဲ့ပါတယ်။

လွှတ်တော်အစည်းအဝေး ပထမအကြိမ် ပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးတဲ့အချိန် ၃၀-၄-၂၀၁၄ နေ့အထိ သုံးနှစ်ကျော်ကာလအတွင်း လက်ရှိစနစ်နဲ့ လိုက်လျောညီထွေဖြစ်မယ့် နိုင်ငံတော်နဲ့ ပြည်သူအကျိုးအတွက် အမှန်တကယ်လိုအပ်တဲ့ ဥပဒေများကို ၂၀၁၁ ခုနှစ်မှာ ၁၅ ခု၊ ၂၀၁၂ ခုနှစ်မှာ ၂၄ ခု၊ ၂၀၁၃ ခုနှစ်မှာ ၃၇ ခု၊ ၂၀၁၄ ခုနှစ်မှာ ၂၂ ခု စုစုပေါင်း ဥပဒေ ၉၈ ခု ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲ့ဒီဥပဒေများထဲမှာ ဥပဒေအသစ် ၅၂ ခု၊ ပြင်ဆင်သည့် ဥပဒေ ၃၅ ခုနဲ့ ရုတ်သိမ်းသည့်ဥပဒေ ၁၁ ခုရှိကြောင်း၊ လွှတ်တော်၏ ဆောင်ရွက်ချက်အနေနဲ့ စိစစ်တင်ပြအပ်ပါတယ်။

တစ်ဆက်တည်း နိုင်ငံတော်ရဲ့ ဒေသအသီးသီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်သူလူထုအကျိုး ဖြစ်ထွန်းစေမယ့်မေးခွန်းနဲ့ အဆိုများကို မေးမြန်းတင်သွင်းခဲ့ရာမှာ နှုတ်ဖြင့်၊ စာဖြင့် ဖြေဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်း ၃၀၂၈ ခု၊ ကြယ်ပွင့်မပြ ၃၃၂၄ ခု စုစုပေါင်းမေးခွန်း ၆၃၅၂ ခု ရှိခဲ့ပြီး အတည်ပြုအဆိုအနေနဲ့ ၆၆ ခု၊ မှတ်တမ်းတင်အဆို ၆၉ ခု စုစုပေါင်း ၁၃၅ ခုအား လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ဖွဲ့စည်းပေးခဲ့တဲ့ လွှတ်တော်ကော်မတီများနဲ့ ကော်မရှင်တို့ဟာ ပြည်သူတစ်ဦးချင်းစီနဲ့ အစုအဖွဲ့များမှ ၎င်းတို့ရဲ့ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားပိုင်ခွင့် ပြန်လည်ရရှိရေးအတွက် တိုင်ကြားစာနှင့် အသနားခံစာ စုစုပေါင်း ၁၈၈၂၄ စောင် လက်ခံရရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပြီး အဆိုပါကော်မတီများ၊ ကော်မရှင်များမှ စနစ်တကျစိစစ်ပြီး တချို့ကိစ္စရပ်များ ကော်မတီ/ကော်မရှင်အနေနဲ့ တိုက်ရိုက်ဖြေရှင်းပေးပြီး တိုင်ကြား/အသနားခံစာ ၄၅၁၂ စောင်ကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများသို့ ဖြေရှင်းနိုင်ရန်ပေးပို့ခြင်း၊ ဆက်လက်ဆောင်ရွက်ရန် မလိုသည့်စာ ၈၂၀၄ စောင်နှင့် ကျန်ရှိတဲ့တိုင်ကြား/အသနားခံစာ ၆၁၀၈ စောင်ကို ဆက်လက်စိစစ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် လွှတ်တော်ရပ်နားနေစဉ်ကာလအတွင်းမှာ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ နိုင်ငံတော်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် ပြည်သူတွေရဲ့လိုလားချက်၊ ပြည်သူတွေရဲ့အသံကို သိရှိနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များအပါအဝင် နိုင်ငံတော်အတွင်းမှာ ခရီးစဉ် ၆၆ ကြိမ်၊ နိုင်ငံတကာဆက်ဆံရေးနှင့် လွှတ်တော်အချင်းချင်းပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်နိုင်ရန်အတွက် ပြည်ပခရီးစဉ် ၆၀ ကြိမ်၊ နိုင်ငံတကာအကြီးအကဲများ၊ လွှတ်တော်အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမှု ၂၃၆ ကြိမ်နှင့် ပြည်တွင်းဧည့်သည် လက်ခံတွေ့ဆုံမှု ခုနစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း စိစစ်တင်ပြအပ်ပါတယ်။

တစ်ဆက်တည်းတင်ပြလိုတဲ့အချက်က လွှတ်တော်ဖွဲ့စည်းချိန်မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှာ လွှတ်တော်ရုံးတစ်ရုံးတည်းနဲ့ ရုံးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မ ၁၂ အရ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာအတွက်လိုအပ်တဲ့ ဥပဒေများ ဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်း၊ စိစစ်ခြင်း၊ အာဏာသုံးရပ်နှင့် ပတ်သက်ပြီး အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်း လုပ်ငန်းများဆောင်ရွက်ရာမှာ လွှတ်တော်သုံးရပ်အဖြစ် ရုံးများ သီးခြားဖွဲ့စည်းပြီး၊ နိုင်ငံတကာနည်းတူ ရုံးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက သဘောတူညီမှုရရှိခဲ့သဖြင့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ကစပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၃) ဖြင့် လွှတ်တော်ရုံးအသီးသီးကို ပြင်ဆင်ဖွဲ့စည်းပြီး ပြည်သူ့လွှတ်တော်ရုံးရဲ့ လုပ်ငန်းများကို ညွှန်ကြားရေးမှူးချုပ် တစ်ဦးစီမှ ဦးဆောင်စတင်ကြီးကြပ်ခဲ့ကြောင်း စိစစ်တင်ပြအပ်ပါတယ်။

ယခုပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ကာလအချိန်မှာ ကျွန်တော်တို့ ဆောင်ရွက်ချက်တွေကို ပြည်သူအားလုံးအမှန်အတိုင်း အချိန်နှင့်တစ်ပြေးညီ သိရှိရန်လိုတဲ့အချက်ဟာ အရေးကြီးကြောင်း တွေ့ရတဲ့အတွက် ကော်မတီအနေနဲ့ လွှတ်တော်ရဲ့ ဆောင်ရွက်မှုကိုစိစစ်ရာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှစတင်ပြီး လွှတ်တော်အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယကမှ ပြည်တွင်း/ပြည်ပမီဒီယာများနှင့် တွေ့ဆုံပြီး လွှတ်တော်ရေးရာကိစ္စရပ်များကို ပွင့်လင်းစွာဆွေးနွေးမှု အကြိမ်ပေါင်း ၁၀ ကြိမ်ရှိခဲ့ကြောင်း စိစစ်တင်ပြအပ်ပါတယ်။

**မူကြမ်း**

**နိဂုံးချုပ်တင်ပြလိုတဲ့အချက်ကတော့**

မိမိတို့နိုင်ငံရဲ့ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် ပြုပြင်ပြောင်းလဲနေစဉ်ကာလအတွင်း လွှတ်တော်ရဲ့ဥပဒေပြုရေးလုပ်ဆောင်ချက်များကို ပြည်တွင်း/ပြည်ပမှ စိတ်ဝင်စားပြီး စဉ်ဆက်မပြတ် လာရောက်လေ့လာတဲ့ နိုင်ငံရေးပါတီဝင်များ၊ အခြားအဖွဲ့အစည်းဝင်များ၊ ကျောင်းသူ/ကျောင်းသား များ၊ သင်တန်းသူ/သင်တန်းသားများ၊ ပြည်သူလူထုနဲ့ နိုင်ငံခြားသားများအပါအဝင် စုစုပေါင်း ၂၆၉၃၉ ဦးရှိကြောင်း၊ ကော်မတီအနေဖြင့် လွှတ်တော်အဆင့်ဆင့်ပေါ်ပေါက်လာတဲ့အချိန်မှ ယနေ့အချိန်ထိ လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပမှာ ဆောင်ရွက်ခဲ့တဲ့ လွှတ်တော်ဥပဒေပြုရေးဆိုင်ရာလုပ်ငန်း များ၊ နိုင်ငံတော်နှင့် ပြည်သူများအကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး စိစစ်တွေ့ရှိချက်များအပေါ် သိရှိမှတ်တမ်းတင်နိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများတွင် လုပ်ဆောင်နေသော မြန်မာနိုင်ငံသားအမည်ခံ နိုင်ငံခြားသားများကို ဖော်ထုတ်အရေးယူပေးရန်၊ ပါဝင်ပတ်သက်နေသော တာဝန်ရှိသူများကို အရေးယူရန်နှင့် အလားတူကိစ္စများ ထပ်မံမဖြစ်ပွားရေး စီမံကြီးကြပ်ပေးရန်တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်ကြီးများ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကန်ပက်လက်မဲဆန္ဒနယ်မှ ကျွန်တော် သူရဦးအောင်ကို မေးမြန်းတင်ပြမယ့်အကြောင်းအရာကတော့ မြန်မာနိုင်ငံသားအမည်ခံ၍ လုပ်ငန်းဆောင်ရွက်နေကြတဲ့ နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းများကို ဖော်ထုတ်အရေးယူပေးနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု လွှတ်တော်ကနေပြီးမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာ

အတည်ပြုပြဌာန်းပေးခဲ့ပါတယ်။ အဲဒီဥပဒေအရ နိုင်ငံခြားသားလုပ်ငန်းရှင်များက လုပ်ငန်းပမာဏရဲ့ ၈၀ ရာခိုင်နှုန်းထိ ရင်းနှီးမြှုပ်နှံခွင့်ပြုထားပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာ အဓိကလိုအပ်ချက် အနေနဲ့ကတော့ စက်ရုံအဆောက်အဦများ ဆောက်လုပ်ရန် လုံလောက်တဲ့ မြေနေရာရရှိဖို့ဖြစ်ပါတယ်။ အဲဒီလိုအပ်ချက်နှင့်ပတ်သက်လို့ နိုင်ငံခြားသားများကို သာသနာပိုင်နယ်မြေ နိုင်ငံတော်ကာကွယ်ရေး နဲ့ပတ်သက်တဲ့ လုံခြုံရေးနဲ့ပတ်သက်တဲ့နယ်မြေအပြင် အမှုအခင်းဖြစ်ပွားနေတဲ့မြေ၊ နောက်မြို့ပြလူ နေမှုပတ်ဝန်းကျင်ကိုထိခိုက်စေတဲ့ ဒေသများကလွဲရင် ကျန်မြေများကိုငှားရမ်းခွင့်ပြုပေးထားပါတယ်။ ထိုမြေများကို ငှားရမ်းကာလ နှစ် ၃၀ နဲ့ ထပ်တိုး ၁၅ နှစ် နှစ်ကြိမ် စုစုပေါင်း နှစ် ၆၀ အထိ ခွင့်ပြု ပေးလျက်ရှိကြောင်းသိရှိရပါတယ်။

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားသားမှ ၈၀ ရာခိုင်နှုန်း၊ နိုင်ငံသားမှ ၂၀ ရာခိုင်နှုန်းခွင့်ပြုထားရာ အဲဒီအခြေအနေကို အခွင့်ကောင်းယူပြီးတော့မှ မြန်မာနိုင်ငံသားအမည်ခံ ပြီးတော့မှ လုပ်ငန်းဆောင်ရွက်မှုတွေ များပြားလာနေကြောင်းကိုလည်း စီးပွားရေးအသိုက်အဝန်းများ ကနေပြီးမှ သတင်းများထွက်ပေါ်နေပါတယ်။ အထူးသဖြင့် အောက်ဖော်ပြပါ လုပ်ငန်းကြီးများမှာ နိုင်ငံသားအမည်ခံ လုပ်ဆောင်မှုများရှိနေကြောင်း သတင်းများ ထွက်ပေါ်နေပါတယ်။ အဲဒီလုပ်ငန်း များကတော့ ကျောက်မျက်တူးဖော်ထုတ်လုပ်သည့်လုပ်ငန်း၊ သတ္တုတူးဖော်ထုတ်လုပ်သည့်လုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ အထည်ချုပ် လုပ်ငန်း၊ ရေထွက်ကုန်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းတို့ဖြစ်ပါတယ်။ ဖော်ပြပါ မြန်မာနိုင်ငံသား အမည်ခံလုပ်ငန်းများဟာ ယခင်အစိုးရလက်ထက်ကပင် ရှိနေခဲ့တယ်လို့လည်း သိရပါတယ်။ သို့သော် လည်းပဲ ဒီကနေ့ ဒီမိုကရေစီအစိုးရလက်ထက်မှာ ပို၍များပြားလာကြောင်း သတင်းများကြားသိရပါ တယ်။ အဲဒီလိုလုပ်ဆောင်နေတဲ့ နိုင်ငံခြားသားများက ပြန်ကြည့်လို့ရှိရင် အာရှတိုက်မှ အများဆုံး ဖြစ်ပြီးတော့ ဥရောပတိုက် နိုင်ငံအချို့မှလည်း ပါဝင်နေတယ်လို့သိရပါတယ်။ နိုင်ငံသားအမည်ခံပေး သူအများစုဟာ မြန်မာအမျိုးသမီးများဖြစ်ကြပါတယ်။ ၎င်းတို့ဟာ နိုင်ငံခြားသားများနဲ့လက်မထပ်ဘဲ နဲ့အတူနေခြင်း(Living Together) များဖြစ်နေကြပါတယ်။ အမည်ခံစီးပွားရေးလုပ်ငန်းများကြောင့် နိုင်ငံအတွက် ဖော်ပြပါဆိုးကျိုးများ သက်ရောက်လျက်ရှိကြောင်းကိုလည်း လူမှုစီးပွားရေးအသိုက် အဝန်းများထံမှ ကြားသိရပါတယ်။ အဲဒီဆိုးကျိုးများကတော့ အခွန်ရှောင်မှုကြောင့် ရသင့်ရထိုက်တဲ့ အခွင့်အရေးများ နိုင်ငံအတွက် ဆုံးရှုံးနစ်နာခြင်း၊ ငွေမဲခဝါချခြင်း၊ ထိုလုပ်ငန်းများတွင် လုပ်ကိုင်နေ ကြတဲ့ မြန်မာလုပ်သားများ ရသင့်ရထိုက်တဲ့ အလုပ်သမားအခွင့်အရေးများ အပြည့်အဝမရရှိခြင်း၊

လုပ်ငန်းတူ နိုင်ငံသားပိုင်လုပ်ငန်းများ ထိခိုက်နစ်နာခြင်း၊ မြန်မာနိုင်ငံရဲ့ တရားဝင်စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်စေခြင်း၊ လူမှုဘဝတာဝန်ယူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းမှုများ အားနည်းခြင်းကြောင့် ထိခိုက်မှုများဖြစ်ပေါ်စေခြင်း၊ လာဘ်ပေးလာဘ်ယူ အကျင့်ပျက်ချစားမှုများ တိုးပွားလာခြင်း၊ နိုင်ငံနှင့်လူမျိုးတို့ရဲ့ဂုဏ်သိက္ခာထိခိုက်စေခြင်းတို့ဖြစ်ပါတယ်။ အဲဒီလို အမည်ခံစီးပွားရေးလုပ်ငန်းများ တိုးပွားလာရခြင်းသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုအားနည်းခြင်း၊ ဝန်ကြီးဌာနများမှာ လာဘ်ပေးလာဘ်ယူအကျင့်ပျက်ခြစားမှုများရှိနေသေးခြင်း၊ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများ အားနည်းနေခြင်းနှင့် တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ကွပ်ကဲမှုအားနည်းနေခြင်းတို့ဖြစ်ကြောင်း လည်းလေ့လာသုံးသပ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားအမည်ခံ ရင်းနှီးမြှုပ်နှံသူများကို လိမ်လည်မှု၊ စာချုပ်စာတမ်းပါ သဘောတူညီချက်များဖောက်ဖျက်မှု၊ ငွေကြေးခဝါချမှု၊ အဂတိလိုက်စားမှုတို့ဖြင့် အရေးယူသင့်ကြောင်းလည်းပဲ အကြံပြုစာများ ရရှိနေပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံသားအမည်ခံ နိုင်ငံခြားစီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေရတဲ့ ကျွန်တော်တို့ နိုင်ငံခြားသားများကိုလည်းဖော်ထုတ်အရေးယူပေးဖို့လိုအပ်ပါတယ်။ အလားတူပဲ ပါဝင်ပတ်သက်နေတဲ့ မိမိဌာနဆိုင်ရာတာဝန်ရှိသူများကိုလည်းပဲ ဖော်ထုတ်အရေးယူဖို့လိုအပ်ပါတယ်။ အလားတူကိစ္စများ ထပ်မံမဖြစ်ပွားဖို့အတွက်ကို တာဝန်ရှိသူအဆင့်ဆင့်မှ စဉ်ဆက်မပြတ် စီမံကြီးကြပ်ပေးဖို့လိုအပ်ပါတယ်။ ဖော်ပြပါအရေးယူရန်ကိစ္စများကို အမျိုးသားရေးဂုဏ်သိက္ခာနဲ့ အကျိုးစီးပွားအတွက် ဦးစားပေးလုပ်ငန်းအဖြစ်လုပ်ဆောင်ပေးနိုင်ခြင်းရှိ/မရှိ။ ပြည်သူများရဲ့ တင်ပြချက်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းရှိန်(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကန်ပက်လက် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများမှာ လုပ်ဆောင်နေတဲ့ မြန်မာနိုင်ငံသားအမည်ခံ နိုင်ငံခြားသားများကို ဖော်ထုတ်အရေးယူပေးရန်ပါဝင်ပတ်သက်နေသော ဌာနဆိုင်ရာတာဝန်ရှိသူများကို အရေးယူရန်နှင့် အလားတူကိစ္စများ ထပ်မံ

မဖြစ်ပွားစေရေး စီမံကြီးကြပ်ပေးရန်တို့နှင့်စပ်လျဉ်းတဲ့မေးခွန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုယ်စား ကျွန်တော် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ယခင်ပြဋ္ဌာန်းခဲ့တဲ့ ၁၉၈၈ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရာမှာ နိုင်ငံခြားသားများအနေနဲ့ ပုဂ္ဂလိကပိုင်မြေကို ငှားရမ်းလုပ်ကိုင်ခွင့် မရခဲ့တဲ့အချက်တစ်ချက်တွေ့ရှိရပါတယ်။ အချို့နိုင်ငံခြားသားတွေအနေနဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများက ရရှိတဲ့အခွင့်အရေးတွေ (ဥပမာ သက်သာသောဈေးနှုန်းဖြင့် ပေးချေရတဲ့ လျှပ်စစ်ဓာတ်အား၊ တယ်လီဖုန်းပြောဆိုခ)တို့ကို အခွင့်အရေးတစ်ရပ်အနေနဲ့ ရရှိလိုတဲ့အတွက်ကြောင့်လည်းကောင်း၊ အခွန်အခပေးဆောင်ရာမှာလည်း မြန်မာနိုင်ငံသားအမည်ခံအဖြစ် ဆောင်ရွက်ခြင်းက သက်သာမှုရှိနေတဲ့အချက်၊ ဒါ့အပြင် ပေးဆောင်ရတဲ့ အခွန်အခတွေကိုလည်း လွှဲပြောင်းပေးလိုတဲ့အချက်တွေကြောင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံသားအချို့ကို အမည်ခံစေပြီးတော့ ဆောင်ရွက်ခဲ့ကြောင်း သုံးသပ်တွေ့ရှိခဲ့ရပါတယ်။ အထူးအားဖြင့် CMP အထည်ချုပ်လုပ်ငန်းများနှင့် အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများမှာ ယခုလို အမည်ခံလုပ်ငန်းများ ဖော်ထုတ်တွေ့ရှိခဲ့ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် နိုင်ငံခြားသားများအနေနဲ့ ပုဂ္ဂလိကပိုင်မြေကို တရားဝင်ငှားရမ်းဆောင်ရွက်ခွင့်ပြုခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတိုးတက်လာပြီး နိုင်ငံသားအမည်ခံရင်းနှီးမြှုပ်နှံသူများ လျော့နည်းသွားစေရေးအတွက် လက်ရှိအစိုးရလက်ထက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့စပ်လျဉ်းတဲ့ မြေအသုံးပြုခွင့်ဆိုင်ရာ အမိန့်ကြော်ငြာစာကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၁) ဖြင့်ထုတ်ပြန်ပေးခဲ့ပါတယ်။

ဒီနောက်မှာတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးတော့ အဆိုပါဥပဒေသစ်အရ နိုင်ငံခြားသားများအနေနဲ့ နိုင်ငံတော်အစိုးရထံမှဖြစ်စေ၊ နိုင်ငံသားပုဂ္ဂလိကထံမှဖြစ်စေ မြေငှားရမ်းပြီးတော့ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ခွင့်ကို ခွင့်ပြုပေးခဲ့ပါတယ်။ ဒီလိုဖြေလျော့ပြင်ဆင်ဆောင်ရွက်ပေးမှုကြောင့် ၂၀၁၄ ခုနှစ် မတ်လကုန်အထိ နိုင်ငံခြားသားများက ပုဂ္ဂလိကပိုင်မြေကိုငှားရမ်းပြီးတော့ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းပေါင်း ၁၂၂ ခုရှိပြီဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံသားအမည်ခံ နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းများကို တရားဝင်လမ်းကြောင်းပေါ်မှာ ရောက်ရှိလာစေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၂) ထုတ်ပြန်ကြေညာပြီးတော့ နိုင်ငံသားအမည်ခံ

နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းများကို တရားဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲခွင့်ပြုရေးအတွက် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ပေးခဲ့ပါတယ်။ ဒီလိုအမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် တရားဝင်ပြောင်းလဲခွင့်ပေးခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ နိုင်ငံသားအမည်ခံရင်းနှီးမြှုပ်နှံမှု ၂၉ ခုကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဖြေလျှော့ဆောင်ရွက်ပေးခြင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ်သို့ တရားဝင်ပြောင်းလဲခွင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပေမယ့်လည်း အချို့လုပ်ငန်းများဟာ နိုင်ငံသားအမည်ခံပြီးတော့မှ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းတွေရရှိတဲ့အတွက် သက်ဆိုင်ရာဌာနများအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီးတော့ နိုင်ငံသားအမည်ခံရင်းနှီးမြှုပ်နှံမှုများကို စိစစ်ဖော်ထုတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် မေလအတွင်းမှာ ကော်မရှင်ကို အဆိုပြုလွှာတင်ပြခဲ့တဲ့ အထည်ချုပ်လုပ်ငန်းအချို့ဟာ နိုင်ငံသားအမည်ခံ ရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့အကြောင်း သံသယတွေရှိတဲ့အတွက် ဒီလုပ်ငန်းများရဲ့စာရင်းတွေကို ပြည်ထဲရေးဝန်ကြီးဌာနကို ပို့ပြီးတော့ စိစစ်မှုများဆောင်ရွက်စေခဲ့တဲ့နေရာမှာ နိုင်ငံသားအမည်ခံပြီးတော့ အဆိုပြုလွှာတင်သွင်းခဲ့ကြောင်း စိစစ်တွေ့ရှိရတဲ့ ကုမ္ပဏီကိုးခုကို ကော်မရှင်က အဆိုပြုလွှာထုတ်ပေးခြင်းမပြုဘဲနဲ့ ဟန့်တားနိုင်ခဲ့ပါတယ်။ နိုင်ငံသားအမည်ခံ ရင်းနှီးမြှုပ်နှံမှုများဟာ အထည်ချုပ်လုပ်ငန်းများမှာ အများအပြားရှိနိုင်ကြောင်း သုံးသပ်တွေ့ရှိရတဲ့အတွက် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းပြီးတော့ သံသယဖြစ်ဖွယ်ရှိတဲ့ ကုမ္ပဏီစာရင်းများကို တောင်းခံရယူခဲ့ပါတယ်။ အဆိုပါသံသယရှိတဲ့လုပ်ငန်းများဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဖွဲ့စည်းပေးတဲ့ ကွင်းဆင်းအဖွဲ့နှင့် စက်ရုံများကိုသွားရောက်ကွင်းဆင်းပြီးတော့ ဆက်လက်စစ်ဆေးဖော်ထုတ်မှုများကိုလည်း ပြုလုပ်ခဲ့ပါတယ်။ ဒီလိုစစ်ဆေးရာမှာ သံသယဖြစ်ဖွယ်ရှိတဲ့ ကုမ္ပဏီ ၁၂ ခုခန့်ကို စိစစ်တွေ့ရှိရတဲ့အတွက် ယင်းတို့ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှာ ကော်မရှင်ကိုခေါ်ယူပြီး သတိပေးပြောင်းလဲစေတဲ့အတွက် အထည်ချုပ်လုပ်ငန်းလုပ်ကိုင်နေတဲ့ ကုမ္ပဏီငါးခုက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တရားဝင်ပြောင်းလဲလာတာကိုလည်းတွေ့ရှိခဲ့ရပါတယ်။

တစ်ဆက်တည်းမှာပဲ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ၃၇ ခုကို ၎င်းတို့ရဲ့ ဇုန်များအတွင်းမှာ နိုင်ငံသားအမည်ခံ နိုင်ငံခြားသားလုပ်ငန်းများရှိ/မရှိ စိစစ်ပြန်ကြားစေခဲ့ရာမှာ ကြီးကြပ်ရေးကော်မတီ ၁၅ ခုက အမည်ခံလုပ်ငန်းများမရှိကြောင်း ပြန်ကြားလာခဲ့ပြီးတော့ ၂၂ ခုကတော့ စိစစ်နေဆဲဖြစ်ပါတယ်။ အကြောင်းပြန်ကြားနိုင်ခြင်းမရှိသေးတဲ့အတွက်လည်း ဆက်လက်

စိစစ်ဖော်ထုတ်သွားမှာ ဖြစ်ပါတယ်။ လက်ရှိအစိုးရတာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ ဖြေလျှော့မှုများ ဆောင်ရွက်ခြင်း၊ ဥပဒေထုတ်ပြန်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် စိစစ်ကြပ်မတ်မှုများဆောင်ရွက်ပေးခြင်းတို့ကြောင့် နိုင်ငံသားအမည်ခံ နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုမရှိတာကိုလည်း သုံးသပ်တွေ့ရှိရပါတယ်။ သို့ပေမယ့်လည်း ကော်မရှင်ရဲ့ခွင့်ပြုချက် ရယူမှုမပြုဘဲဆောင်ရွက်နေတဲ့ အနေအထားမျိုးသော်လည်းကောင်း၊ တရားဝင်ကုမ္ပဏီမှတ်ပုံတင်ဖွဲ့စည်းခြင်းမပြုဘဲသော်လည်းကောင်း၊ နိုင်ငံသားများကို အမည်ခံပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကဏ္ဍအသီးသီးမှာ ရှိနေနိုင်သေးတာကိုလည်း သုံးသပ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံသားအမည်ခံပြီးတော့ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဖော်ထုတ်နိုင်ရေးအတွက် ကော်မရှင်အနေနဲ့ နည်းလမ်းစုံနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဖော်ထုတ်ရတဲ့ နည်းလမ်းဟာ ကော်မရှင်တစ်ခုတည်းအနေနဲ့သာမကဘဲနဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ အခြားဆက်စပ်သူများအားလုံးက အမျိုးသားရေးအသိစိတ်ဓာတ်နဲ့ ဆက်လက်ဖော်ထုတ်သွားရမယ့်ကိစ္စဖြစ်ပါတယ်။ သက်ဆိုင်သူများအားလုံးနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးအားဖြင့် ပန်ကြားလိုတာကတော့ ဌာနဆိုင်ရာပိုင်းမှ တာဝန်ရှိသူများ ပါဝင်ပတ်သက်မှုနှင့်ပတ်သက် ပြီးတော့ သတင်းရရှိခြင်း၊ သိရှိရရှိခြင်းများကို တိတိကျကျဖော်ထုတ်အကြောင်းကြားပေးစေလိုပါတယ်။ မေတ္တာရပ်ခံအပ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဌာနဆိုင်ရာပိုင်းမှာ ပါဝင်ပတ်သက်မှုများ ဖော်ထုတ်တွေ့ရှိရပါကလည်း ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ဖော်ဆောင်နိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**နေပြည်တော်နယ်မြေအတွင်းရှိ သဘာဝတောင်ကုန်းများမှ မြေများအား စက်ယန္တရားများဖြင့် ဖဲ့ယူတူးဖော်ခြင်းမပြုဘဲ စိုက်ပျိုးရေးပညာရှင်များအကူအညီဖြင့် တန်ဖိုးရှိနှစ်ရှည်ပင်များ စိုက်ပျိုးရန် စိုက်ပျိုးမည့်စီမံချက်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသန်းမြင့်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် ယနေ့ မေးမယ့်မေးခွန်းကတော့ နေပြည်တော်အတွင်းမှာ မြို့နယ်မှာရှိတဲ့ သဘာဝတောင်ကုန်းတွေကမြေတွေကို စက်ယန္တရားများဖြင့် ဖဲ့ယူတူးဖော်ခြင်းမပြုဘဲ တန်ဖိုးရှိတဲ့ နှစ်ရှည်ပင်တွေ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ အင် စတဲ့ သစ်ပင်များဖြင့် Green Belt အစိမ်းရောင်ခါးပတ်ဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် သဘာဝဥယျာဉ်မြို့တော်အဖြစ် စိုက်ပျိုးရေးပညာ ရှင်များ၊ သစ်တောတက္ကသိုလ်မှ ပညာရှင်များအကူအညီရယူပြီးတော့ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီမှ စီမံချက်ဖြင့် ဆောင်ရွက်ပေးသည့်လုပ်ငန်းအစီအစဉ်ရှိ/မရှိ သိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နေပြည်တော်စတင်တည်ဆောက်စဉ်က သန့်ရှင်းရမယ်၊ သပ်ရပ်ရမယ်၊ သာယာရမယ်၊ လှပရမယ်၊ စိမ်းလန်းစိုပြေတဲ့မြို့တော်ဖြစ်ရမယ်ဆိုတဲ့ ဆောင်ပုဒ်တွေနဲ့ မျှော်မှန်းတည်ဆောက်ခဲ့ပါတယ်။ ဝန်ကြီးဌာနရုံးဇရိယာအတွင်းမှာရှိတဲ့ သစ်တော၊ သစ်ပင်တွေ ထိန်းသိမ်းတယ်။ သဘာဝမိုးရေတွေကို အဟောသိကံမဖြစ်စေရန် လျှိုပိတ်ဆည်တွေ တည်ဆောက်ပြီးတော့ ရေသိုလှောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ဇရိယာနှင့် ပတ်ဝန်းကျင်ဇရိယာအတွင်းမှာပေါက်နေတဲ့ ကျွန်း၊ အင်အပါအဝင် သစ်၊ ဝါး များ အရိပ်ရကြီးထွားလာမှုရှိပြီး နေပြည်တော်တစ်ဝိုက် ရာသီဥတုပြောင်းလဲတဲ့အခြေအနေ တဖြည်း ဖြည်းဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိပြည်ထောင်စုအဆင့်ရုံးများ ပတ်ဝန်းကျင်သစ်တော ထိန်းသိမ်းမှုပြုလုပ်တဲ့ အရှိန်အဟုန်လျော့နည်းလာပြီး မြို့တော်အတွင်းမှာရှိတဲ့ လူနေအဆောက်အဦ တွေအတွက် သဘာဝတောင်ကုန်းများမှ မြေများကို ယန္တရားဖြင့် ဖဲ့ယူတူးဖော်မှု၊ အသုံးချမှုကြောင့် သဘာဝသစ်တောသစ်ပင်များ ပျက်စီးမှုရှိသလို သဘာဝတောင်ကုန်းများနှင့်အတူ သစ်တောများ ပျောက်ဆုံးကုန်တဲ့ဖြစ်စဉ်များတွေ့ရပြီး လူနေရပ်ကွက်များ ရာသီဥတုပူလောင်လာခြင်း၊ လေပြင်း တိုက်ခတ်မှုများလာခြင်း၊ မိုးကွက်ကြားရွာခြင်းတို့ဖြစ်လာတာ တွေ့ရှိပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ တိုးတက်တဲ့နိုင်ငံတိုင်း မြို့နယ်အတွင်း၊ ရပ်ကွက်အတွင်း၊ ကျေးရွာပတ်လည် အနည်းဆုံးတစ်မိုင်၊ နှစ် မိုင်သစ်တော၊ သစ်ပင်များဝိုင်းပတ်စိုက်ပျိုးတဲ့ အစိမ်းခါးပတ်ပြုလုပ်ထားမှုကြောင့် အဆိုပါသစ်ပင်၊ သစ်တောများမှ လေပြင်းကို ဟန့်တားကာကွယ် Wind Breaker အဖြစ် အဆောက်အဦများကို လေပြင်းတိုက်ခတ်မှုမှ သက်သာမှုရရှိပြီး လေဖိအားနည်းခြင်းမှဖြစ်ပေါ်လာမယ့် မုန်တိုင်းအန္တရာယ် ကာကွယ်မှုဖြစ်ခြင်း၊ မြို့တွင်းမှာရှိတဲ့ အလုပ်ရုံ၊ စက်ရုံ၊ မီးခိုး၊ အညစ်အကြေးများကို ကာကွယ်ပေးခြင်း၊

သစ်တောမှာရှိတဲ့ သစ်ရွက်များမှ အမှုန်၊ ဖုန်၊ သဲများပါတဲ့ လေကိုသန့်စင်ပေးတဲ့ လေစစ် Filter အဖြစ်ရရှိခြင်း၊ အနာဂတ်မျိုးဆက်သစ်များ စိုက်ပျိုးရေးပညာဖြန့်ဖြူးပေးရန်နေရာအဖြစ် အသုံးပြုနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးများရရှိလာတဲ့သာဓကများကို လေ့လာပြီးတော့ နေပြည်တော်ကိုလည်း မြန်မာနိုင်ငံရဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းများကိုယ်တိုင် စနစ်တကျထိန်းသိမ်းတည်ဆောက်တဲ့ သန့်ရှင်းသပ်ရပ်တဲ့ အုပ်ချုပ်ရေးမြို့တော်အဖြစ် ဂုဏ်ယူဖွယ်ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။

နေပြည်တော်ပတ်ဝန်းကျင်ဟာ ယခင်က အဖိုးတန်ကျွန်းသစ် ထွက်ရှိရာအရပ်ဒေသဖြစ်ခြင်း၊ မြန်မာနိုင်ငံရဲ့ အောက်ပိုင်းဒေသ၊ အထက်ပိုင်းဒေသ၊ ရှမ်းပြည်နယ်၊ ရှမ်းရိုးမ၊ အလယ်ရိုးမ၊ အနောက်ရိုးမဆက်စပ်တဲ့ မဟာဗျူဟာကျတဲ့နေရာဖြစ်ခြင်း၊ မနိမ့်လွန်း၊ မမြင့်လွန်းတဲ့ သဘာဝတောင်တန်းလျှိုမြောင်၊ တောနဲ့ တောင်ကုန်းတောင်တန်းရှိခြင်း၊ သဘာဝလျှိုများကိုပိတ်ပြီးတော့ မိုးရေများအဟောသိကံမဖြစ်ရေး ထိန်းသိမ်းနိုင်ခြင်း၊ သဘာဝသစ်တော၊ သစ်ပင်စိုက်ပျိုးရေးအပြင် မြို့တော်လှပစိမ်းလန်းစိုပြေရေးအတွက် ကားလမ်းတလျှောက်မှာရှိတဲ့ သစ်ပင်ပန်းပင်များကို ဝန်ကြီးဌာနဇရိယာနှင့်ဆက်စပ်နေတဲ့ တောင်ကုန်း၊ လျှိုများမှ ရေများကို Gravity Flow မြေအနိမ့်အမြင့် အသုံးချသွယ်ယူဖြန့်ဖြူးခြင်းဖြင့် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ အထိုက်အလျောက်လျော့နည်းသွားမည်ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နေပြည်တော်နယ်မြေအတွင်းမှာရှိတဲ့ ဆောက်လုပ်မှုကဏ္ဍမှာဆည်၊ လမ်း စိမ်းလန်းစိုပြေရေးစီမံကိန်းဆောင်ရွက်ရာမှာ အထူးဖွံ့ဖြိုးရေးစီမံကိန်းက ကျပ်သန်းပေါင်း ၁၄၅၀၀ ခန့် အသုံးပြုခဲ့ကြောင်း သိရှိရပါတယ်။ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ အလေအလွင့်နည်းပါးစွာဖြင့်ပြည်သူလူထုအကျိုးရှိရှိအသုံးပြုတဲ့ မြို့တော်စိမ်းလန်းလှပစိုပြေရေးနဲ့ သဘာဝပတ်ဝန်းကျင်မပျက်တဲ့ ဥယျာဉ်မြို့တော်တည်ဆောက်ရေး ဟန်ချက်ညီညီစီမံဆောင်ရွက်ရန် ရည်ရွယ်ပြီး တင်ပြခြင်းလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နေပြည်တော် လှပစိမ်းလန်းစိုပြေဆောင်ရွက်ခြင်း၊ နေပြည်တော်မှာရှိတဲ့ပြည်သူများနဲ့ ကျေးလက်ဒေသမှာရှိတဲ့ဒေသခံများ ဆင်းရဲချမ်းသာမှုကွာဟချက် လျော့နည်းစေရန်ချမှတ်အကောင်အထည်ဖော်တဲ့ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက် ဆောင်ရွက်တဲ့လုပ်ငန်းများနဲ့ ဟန်ချက်ညီညီ နေပြည်တော်နေထိုင်တဲ့ ဝန်ထမ်းများအပါအဝင် အငြိမ်းစားဝန်ထမ်းများ၊ ဒေသခံများရဲ့ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ အေးချမ်းမှုအပြည့်အဝရရှိစေရန်၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အပန်းဖြေဖို့ အနားယူနိုင်ရန်၊ မျိုးဆက်သစ်လူငယ်များ စိုက်ပျိုးရေးသစ်တော အသိပညာဖြန့်ဖြူးပေးရန် ဥယျာဉ်မြို့တော်အဖြစ် ဆောင်ရွက်တဲ့လုပ်ငန်းကို အထောက်အကူပြုမယ့်လျှိုများကိုပိတ်ပြီး သဘာဝရေကန်အဖြစ် ဖန်တီးဆောင်ရွက်နိုင်ရန်နဲ့ တောတောင်သဘာဝမပျက်ဆီး

စေရန်အတွက် နေပြည်တော် ရပ်ကွက်အတွင်းမှာရှိတဲ့ သဘာဝတောင်ကုန်းများအား ယန္တရား မြေကော်စက်နဲ့ တူးယူခြင်းမပြုလုပ်ဘဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဖြစ်စေမယ့် Green Belt အစိမ်းရောင်ခါးပတ်ဖြင့် တည်ဆောက်ခြင်း၊ ဝန်ကြီးဌာနများနဲ့ပေါင်းစပ်ပြီး ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းကျော်ထူး(ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ ခင်ဗျာ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်မှ နေပြည်တော်အတွင်း မြို့နယ်များတွင်ရှိသည့် တောင်၊ မြေနေရာများနှင့် သဘာဝ တောင်ကုန်းများမှ မြေများအား စက်ယန္တယားများဖြင့် ဖဲ့ယူတူးဖော်ခြင်းမပြုဘဲ တန်ဖိုးရှိနှစ်ရှည်ပင်များ စသည်ဖြင့် Green Belt အစိမ်းရောင်ခါးပတ်အဖြစ်ဆောင်ရွက်ခြင်း သို့မဟုတ် သဘာဝဥယျာဉ် မြို့တော်အဖြစ် စိုက်ပျိုးရေးပညာရှင်များ အကူအညီရယူပြီး နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ စီမံချက်ဖြင့် ဆောင်ရွက်ပေးသည့်လုပ်ငန်းအစီအစဉ်ရှိ/မရှိနှင့် မရှိပါက မည်သည့်အတွက် မရှိသည်ကို သိလိုကြောင်း ပြည်သူ့လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ကျွန်တော် ဦးသန်းကျော်ထူးမှ တင်ပြ ဖြေကြားသွားမှာဖြစ်ပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ၂၀၀၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှာ စတင်ဖွဲ့စည်းပြီးတော့ နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ ပြဋ္ဌာန်းကာ နိုင်ငံတော်ရဲ့မြို့တော် ပြည်ထောင်စုနယ်မြေဖြစ်တဲ့ နေပြည်တော်ကို နိုင်ငံ တကာအဆင့်မီဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြေရေးလုပ်ငန်း များကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်စည်ပင် သာယာရေးကော်မတီနယ်နိမိတ်အတွင်း ပေါက်ရောက်လျက်ရှိတဲ့ သဘာဝသစ်ပင်များ၊ စိုက်ပျိုးထား တဲ့အရိပ်ရပင်များ၊ သစ်ပင်ပန်းပင်များ ထိန်းသိမ်းခြင်းအတွက် နေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(ပ)မှာ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သဘာဝအလျှောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်များ၊ နိုင်ငံတော်ပိုင်အိမ်ရာများတွင် စိုက်ပျိုးထားသော နှစ်ရှည် သီးပင်စားပင်၊ အရိပ်ရပင်များ၊ လမ်းဘေးဝဲ/ယာ၊ လမ်းလယ်ကျွန်းများနှင့် အဝိုင်းများတွင် စိုက်ပျိုး

ထားသော သစ်ပင်ပန်းပင်များကို ကော်မတီရဲ့ခွင့်ပြုချက်မရှိဘဲ ချိုးဖဲ့ခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရန် တားမြစ်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းတို့ ပြဋ္ဌာန်းထားရှိပြီးတော့ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီရဲ့ အမိန့်အမှတ်(၁/၂၀၁၂)ကိုထုတ်ပြန်ပြီးတော့ ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲလျက်ရှိတဲ့ မြို့မြေများအတွင်းမှာ ကော်မတီရဲ့ခွင့်ပြုချက်မရှိဘဲနဲ့ မြေအစိတ်အပိုင်းများ တူးဖော်ရောင်းချခြင်း၊ တူးဆွခြင်း၊ လွှဲပြောင်းခြင်းပြုလုပ်ပါက နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီရဲ့ အမိန့်အမှတ်(၂၀/၂၀၁၃)ကိုထုတ်ပြန်ပြီး သဘာဝတောင်ကုန်းများမှမြေများကို စက်ယန္တရားများဖြင့် တူးဖော်ခြင်းမပြုနိုင်ရန်ထိန်းသိမ်းလျက်ရှိပါတယ်။ မြို့ပြစီမံကိန်းအတွက် လိုအပ်သလောက်ကိုသာ မြေပြုပြင်ဆောင်ရွက်ခြင်းကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက စိစစ်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်စေပြီးတော့ သဘာဝတောင်ကုန်းများ ထပ်မံမပျက်စီးရေးအတွက် ထိန်းသိမ်းလျက်ရှိပါတယ်။ နေပြည်တော်ကို သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြေတဲ့မြို့တော်အဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိရာမှာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရုံးအဖွဲ့အစည်းများကို ဌာနပိုင်ရုံးမြေများ၊ စိုက်ပျိုးမြေများ ခွဲဝေသတ်မှတ်ပေးပြီးတော့ သဘာဝဓမ္မတာမျိုးဆက်တောထိန်းသိမ်းခြင်း၊ နှစ်ရှည်သီးနှံစိုက်ခင်း၊ ရတနာတန်းဝင်နှစ်ရှည်ပင်များ စိုက်ပျိုးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ နေပြည်တော်အတွင်းမှာ လမ်းဘေးဝဲ/ယာ၊ လမ်းလယ်ကျွန်းများ စိမ်းလန်းစိုပြေရေးအတွက် နှစ်ရှည်အရိပ်ရနှင့် ပန်းအလှပင်များ ၁၈၀၀၀၀ ကျော်၊ နှစ်တိုပန်းအလှပင်များ၊ မြေကပ်ပန်းပင်များ၊ ကျွန်းပင်များ၊ စိုက်ပျိုးရေးပင်များကိုသီးနှံပင်များစိုက်ပျိုးပြီးတော့ ရှင်သန်အောင်မြင်လျက်ရှိပါတယ်။ ဒါ့အပြင် နေပြည်တော်နယ်မြေအတွင်းမှာ ပန်းခြံပေါင်း ၆၈ ခု တည်ဆောက်ပြီးတော့ သာယာလှပရေး၊ စိမ်းလန်းစိုပြေရေးများဆောင်ရွက်လျက်ရှိပြီးတော့ နှစ်စဉ်ဆက်လက်တိုးချဲ့စိုက်ပျိုးလျက်ရှိပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ နေပြည်တော်နယ်မြေအတွင်းမှာ သောက်သုံးရေနှင့် စိမ်းလန်းစိုပြေရေးလုပ်ငန်းတွေအတွက် ဆည်ကြီး ၁၃ ခု၊ လျှိုပိတ်တမံငယ် ၂၈ ခုကို တည်ဆောက်ထားပါတယ်။ အဲ့ဒီကနေပြီးတော့ ရေဂါလန်ပေါင်း ၁၁၄၀၀၀ သန်းကျော် စုဆောင်းလျက်ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနတွေရဲ့ ဧရိယာအတွင်းမှာတော့ လျှိုပိတ်ဆည်ပေါင်း ၅၉ ခုတည်ဆောက်ထားပြီးတော့ ရေဂါလန်ပေါင်း ၄၅၀ သန်းကျော် စုဆောင်းထားနိုင်ပါတယ်။ နေပြည်တော်စိမ်းလန်းစိုပြေရေးအတွက်

စုစုပေါင်း ဆည်၊ လှိုင်ပိတ်တမံ ၁၀၄ ခုကို သဘာဝရေကန်များသဖွယ် ဆောက်လုပ်နိုင်ခဲ့ပြီးတော့ ရေဂါလန်ပေါင်း သန်းပေါင်း ၁၁၄၆၀၀ ကျော်ကို စုဆောင်းထားနိုင်ပြီး စိမ်းလန်းစိုပြေရေးအတွက် လက်ရှိအသုံးပြုနေပါတယ်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ မြို့မြေအဖြစ် သတ်မှတ်ထားတဲ့ မြေများကိုသာ စီမံခန့်ခွဲလျက်ရှိပါတယ်။ သစ်တော၊ သစ်ပင်များ ဝိုင်းပတ်စိုက်ပျိုးခြင်း Green Belt ပြုလုပ်လိုတဲ့ မြို့မြေ၊ ကျေးရွာမြေရဲ့ပတ်လည် တစ်မိုင်၊ နှစ်မိုင်ခန့်မြေတွေဟာ လယ်ယာမြေများ၊ သစ်တောမြေများ၊ စိုက်ပျိုးမြေများဖြစ်တဲ့အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ အဆိုပါမြေများမှာ ကျွန်တော်တို့ တန်ဖိုးရှိနှစ်ရှည်ပင်များ၊ Green Belt များဆောင်ရွက်ခြင်း၊ သဘာဝဥယျာဉ်မြို့တော်အဖြစ် ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ တင်ပြညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲခွင့်ရှိတဲ့ မြို့မြေနယ်နိမိတ်အတွင်းမှာတော့ နှစ်ရှည်အရိပ်ရပန်းပင်များ၊ ရာသီပန်းအလှပင်များ၊ ရတနာတန်းဝင်အပင်ကြီးများ၊ ရာသီပန်းအလှပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်း၊ သဘာဝတောင်ကုန်းမြေများထိန်းသိမ်းခြင်း၊ ပန်းခြံများပြုလုပ်ထိန်းသိမ်းခြင်းနဲ့ ဆည်လှိုင်ပိတ်တမံများ တည်ဆောက်ထိန်းသိမ်းခြင်းတို့ကို ဥပဒေ၊ အမိန့်များနှင့်အညီ နေပြည်တော်ကို နိုင်ငံတကာအလယ်မှာ Green City အဖြစ် ပေါ်ထွက်လာရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တန့်ယန်းမြို့နယ်၊ မိုင်းကောင်ကျေးရွာအုပ်စုရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဝန်ဆောင်မှုပေးမည့် ဆရာဝန်များနှင့် ဝန်ထမ်းများအား ခန့်ထားစေလွှတ်ပေးရန်နှင့် ဆေးရုံအတွက် လိုအပ်သော ပရိဘောဂများကူညီဆောင်ရွက်နိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းထွန်းဝင်း၊ တန့်ယန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဝင်း(တန့်ယန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တန့်ယန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးခွန်းမေးမြန်းခြင်းမပြုမီ အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပြုပါ။ တန့်ယန်းမြို့နယ်၊ မိုင်းကောင်

တိုက်နယ်ဆေးရုံ၌ လက်ရှိအနေအထားမှာ မြို့နယ်ဆရာဝန်၏စီမံမှုအရ မန်းကန်းတိုက်နယ်ဆေးရုံ၌ ရှိသော ဆရာဝန်ဒေါက်တာအောင်မျိုးဝေကို မိုင်းကောင်တိုက်နယ်ဆေးရုံသို့ ယာယီတာဝန်ပေးစေလွှတ်ခဲ့ပါတယ်။ နေပျော်ပါက ယင်းဆေးရုံတွင်သာဆက်လက်နေပါဟု စေလွှတ်ခဲ့ပါတယ်။ ဒေါက်တာအောင်မျိုးဝေကလည်း မိုင်းကောင်တွင်သာနေပျော်ပါသဖြင့် ဆက်လက်နေထိုင်ပြီး တာဝန်များကို ထမ်းဆောင်သွားလိုကြောင်း ကျွန်တော်နှင့်မြို့နယ်ဆရာဝန်ကြီးကို ပြောပြီးတာဝန်များကို ထမ်းဆောင်သွားလိုကြောင်း အထက်အဖွဲ့အစည်းနဲ့ဝန်ကြီးဌာနများသို့လည်း စာရေးတင်ပြပြီးကြောင်း ပြောပြပါတယ်။ ထို့အပြင် ဆေးရုံသုံးပရိဘောဂများလည်းရောက်ရှိနေပြီး တပ်ဆင်ရန်ပညာရှင်များသာ လိုအပ်တော့ပါကြောင်း မြို့နယ်ဆရာဝန်က ကျွန်တော့်ကိုပြောပြပါတယ်။ သို့ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုသည်မှာ (၁)လိုအပ်သော ဆရာဝန်တစ်ဦးနှင့် သူနာပြုဆရာမနှစ်ဦးအပြင် ကျန်ဝန်ထမ်းများအားလုံး ခန့်အပ်စေလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ခန့်ထားစေလွှတ်ပေးမည်။ (၂) လစ်လပ်သော မိုင်းကန်းတိုက်နယ်ဆေးရုံ လက်ထောက်ဆရာဝန်တစ်ဦးခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် (၃) ဆေးရုံသုံးပစ္စည်းများကို တပ်ဆင်ပေးရန် ကျွမ်းကျင်ပညာရှင်များ စေလွှတ်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မိုင်းတုံမြို့နယ် (၂၅) ခုတင်ဆံ့ဆေးရုံအား ဖွဲ့စည်းပုံနှင့်အညီ လက်ထောက်မြို့နယ် ဆရာဝန်ခန့်ထားပေးရန်၊ သွားဘက်ဆိုင်ရာဆရာဝန်ခန့်ထားပေးရန်နှင့် သွားဘက်ဆိုင်ရာကုသမှု ဆက်စပ်ပစ္စည်းများခွဲဝေချထားပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းအောင်ကြည်၊ မိုင်းတုံမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကြည်(မိုင်းတုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်တောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကြည်ဖြစ်ပါတယ်။ မိုင်းတုံမြို့နယ် ၂၅ ခုတင်ဆံ့ပြည်သူ့ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအဆင့်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ်များနှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းတုံမြို့နယ်သည် သံလွင်အရှေ့ခြမ်းဒေသတွင်ပါဝင်ပြီး ဖွံ့ဖြိုး

တိုးတက်မှုအားယူဆဲ ဒေသတစ်ခုဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနဲ့ ကျန်းမာရေး ကဏ္ဍတို့မှာ လိုအပ်ချက်များစွာရှိနေသေးပါတယ်။ ကျန်းမာရေးအနေဖြင့် ၂၅ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ ဆေးရုံကြီး၌ လက်ထောက်ဆရာဝန်လိုအပ်ချက်အပြင် သွားဘက်ဆိုင်ရာဆရာဝန်နှင့် ဆက်စပ်ပစ္စည်း များလိုအပ်နေပါတယ်။ ဒေသခံပြည်သူများမှ အခြားဒေသများသို့ သွားရောက်ကုသမှု ခံယူရာမှာလည်း ငွေကြေးမတတ်နိုင်သော လူနာရှင်များအတွက် အခက်အခဲများစွာရှိနေပါတယ်။ သို့ဖြစ်ပါ၍ မိုင်းတုံ မြို့နယ် မိဘပြည်သူများ၏ကိုယ်စား အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ (၁) မိုင်းတုံမြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံအား ဖွဲ့စည်းပုံနှင့်အညီ လက်ထောက်ဆရာဝန်ခန့်ထားပေးနိုင်မည့်အစီအစဉ်များကို သိရှိလိုပါတယ်။ (၂) မိုင်းတုံမြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံတွင် သွားဘက်ဆိုင်ရာဆရာဝန် ခန့်ထားပေးပါရန်နှင့် သွားဘက်ဆိုင်ရာကုသမှု ဆက်စပ်ပစ္စည်းများ ခွဲဝေချထားပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ကလေးမြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနခွဲ(၁၁)ခုနှင့် ဒေသန္တရဆေးခန်း(၁)ခုတို့၏ ပြင်ဆင် ထိန်းသိမ်းစရိတ်(သို့) အသစ်ဆောက်လုပ်ခွင့်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ ခွင့်ပြုဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ယခုနှစ် ခွင့်ပြုပေးနိုင်ခြင်း မရှိသေးပါက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကလေးမြို့နယ်အတွက် ကျန်းမာရေးဝန်ကြီးဌာန က ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံများ အတွက် ရန်ပုံငွေများခွင့်ပြုပေးခဲ့တဲ့အတွက် ကလေးမြို့နယ် ပြည်သူများက နိုင်ငံတော်အစိုးရနှင့် လွှတ်တော်ကို ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နှစ်ပေါင်းများစွာကိုယ့်အား ကိုယ်ကိုး တည်ဆောက်ခဲ့ကြတဲ့ ကျန်းမာရေးဌာနအဆောက်အဦများကို ပြင်ဆင်ထိန်းသိမ်းစရိတ် သို့မဟုတ် အသစ်တည်ဆောက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေ RE ကနေပြီးတော့မှ

ဆောင်ရွက်ပေးစေလိုကြောင်း နယ်မြေလူထုက တင်ပြကြပြီးတော့မှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းချက်အရ အောက်ပါဆေးခန်းများကို ဆောက်ရွက်ပေးပါရန် တင်ပြအပ်ပါတယ်။ တာဟန်းဒေသန္တရဆေးပေးခန်း၊ စခန်းကြီးကျန်းမာရေးဌာနခွဲ၊ အရှေ့စည်းကျန်းမာရေးဌာနခွဲ၊ ထောက်ကြံ့ကျန်းမာရေးဌာနခွဲ၊ ကျောင်းတိုက်ကျန်းမာရေးဌာနခွဲ၊ သံဖိုကျေးရွာကျန်းမာရေးဌာနခွဲ၊ သာစည်ကျေးရွာကျန်းမာရေးဌာနခွဲ၊ ကြို့သုံးပင်ကျန်းမာရေးဌာနခွဲ၊ ဆင်တောကျန်းမာရေးဌာနခွဲ၊ ကျီးကုန်းကျန်းမာရေးဌာနခွဲ၊ ငါးဖား ကျေးရွာကျန်းမာရေးဌာနခွဲနှင့် ကျောက်ပြုတ်ကျန်းမာရေးဌာနခွဲ တို့ဖြစ်ပါတယ်။ မေးမြန်းလိုသည်မှာ အထက်ပါကျန်းမာရေးဌာနခွဲ ၁၁ ခုနှင့် ဒေသန္တရဆေးပေးခန်းတစ်ခုတို့ရဲ့ ပြင်ဆင်ထိန်းသိမ်းစရိတ် သို့မဟုတ် အသစ်ဆောက်လုပ်ခွင့်ကို ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေမှ ခွင့်ပြုဆောင်ရွက်ပေးရန် အစီအစဉ် ရှိပါသလား။ (၂) ယခုနှစ် ခွင့်ပြုပေးနိုင်ခြင်း မရှိသေးပါက မည်ကဲ့သို့ဆောင်ရွက်ပေး မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ပေါက်မြို့နယ်၊ ကိုင်းလယ်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့် တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို၊ ပေါက်မဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီးများနှင့် လွှတ်တော်လေ့လာရေးအဖွဲ့များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပတ်သက်တဲ့မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကိုင်းလယ်ကျေးရွာမှာ ပေါက်မြို့နှင့် ၁၄ မိုင် အကွာတွင်ရှိပြီး ချောင်းကြီး၊ ချောင်းငယ်အသွယ်သွယ်ဖြင့် ပေါက်မြို့နှင့် သွားလာရေးခက်ခဲလျက်ရှိပါ တယ်။ ကိုင်းလယ်ကျေးရွာမှာ ပေါက်မြို့ကို ပခုက္ကူမြို့တို့နှင့် ဆက်သွယ်သွားလာနိုင်သည့် ကျေးရွာ တစ်ရွာဖြစ်သော်လည်း မိုးတွင်းကာလ ခြောက်လမှာ ယောချောင်းအပါအဝင် အခြားသဲချောင်းများ စွာတို့မှ ရေကြီးရေလျှံမှုများကြောင့် အရေးပေါ်လူနာများ ပေါက်မြို့နှင့် ပခုက္ကူမြို့ ဆေးရုံများသို့

ပို့ဆောင်ကုသရန် ခက်ခဲနေသောကျေးရွာဖြစ်ပါတယ်။ ကိုင်းလယ်ကျေးရွာမှာ လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲစခန်း၊ ရဲကင်းများတည်ရှိသလို ပညာရေးအတွက်လည်း အခြေခံပညာ အထက်တန်းကျောင်းများရှိပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးအတွက် တိုက်နယ်ဆေးရုံ အထူးလိုအပ်လျက်ရှိနေပါတယ်။ ဒါကြောင့် တိုက်နယ်ဆေးရုံရရှိပါက ဆေးရုံဆောက်လုပ်မည့် မြေနေရာအတွက် မြေ ၅.၆၈ ဧက အကျယ်အဝန်းရှိတဲ့ မြေနေရာများကိုလည်း ရရှိအောင်ဆောင် ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကိုင်းလယ်ကျေးရွာမှာ တိုက်နယ်ဆေးရုံဖွင့်လှစ်ခွင့်ရရှိပါက ကျန်းမာရေး စောင့်ရှောက်မှုအဖြစ် ကျေးရွာအုပ်စုပေါင်း ၁၄ အုပ်စုနှင့် ကျေးရွာပေါင်း ၄၄ ရွာမှ လူဦးရေစုစုပေါင်း ၃၁၆၁၅ ဦးခန့်တို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေသခံ ပြည်သူများမှ အထက်ပါကဲ့သို့ ရရှိနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသို့ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပြုတင်ပြလျှောက်ထားခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဒေသခံပြည်သူများမှ အဆိုပါတိုက်နယ်ဆေးရုံကြီးကို ပြည်ထောင်စုအစိုးရအဖွဲ့မှ တည်ဆောက်ပေး လိမ့်မည်ဟုလည်း မျှော်လင့်နေလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများအတွက် အမှန်တကယ် လိုအပ်၍ မျှော်လင့်နေသော ပေါက်မြို့နယ် ကိုင်းလယ်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခွင့်ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိ ပါက မည်သည့်အချိန်တွင် ခွင့်ပြုချထားပေးမည်ကိုသိလို၍ ဖြေကြားပေးနိုင်ပါရန် ဒေသခံပြည်သူများ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များရဲ့ မေးမြန်းချက်ကို ကျန်းမာရေးဝန်ကြီးဌာနမှ ပြန်လည် ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ရှေးဦးစွာ လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်း၏မေးခွန်းအား ကျန်းမာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီးဖြစ်သူ မိမိမှ ပြန်လည် ရှင်းလင်းတင်ပြသွားပါမယ်ခင်ဗျား။ ရှမ်းပြည်နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းကောင်းတိုက်နယ်

ဆေးရုံမှာ ယခုအခါ အထက်တန်းသူနာပြု ခွင့်ပြုနှစ်ဦး၊ ခန့်ထားနှစ်ဦး၊ သူနာပြု ခွင့်ပြုလေးဦး၊ ခန့်ထားနှစ်ဦးရှိရာ လစ်လပ်နှစ်ဦးရှိပါတယ်။ မေးခွန်းတွင် လစ်လပ်နှစ်ဦး ဖြည့်ဆည်းပေးရန်အတွက် တင်ပြထားရာ တင်ပြပါ လစ်လပ်သူနာပြုနှစ်ဦးကို သစ်လွင်ခန့်ထားရေးအတွက် ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်၍ ခွင့်ပြုမိန့်ရရှိပါက ရှမ်းပြည်နယ်၊ တွဲဘက်ပြည်နယ်ကျန်းမာရေးဦးစီးမှူးရုံး (လားရှိုး)မှ ဆက်လက်ပြီးခန့်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ဒေါက်တာအောင်ဖြိုးဝေကို ဆက်လက်နေလိုကြောင်း မေးမြန်းထားပါတယ်။ တင်ပြပါ တန့်ယန်းမြို့နယ်၊ မိုင်းကောင်းတိုက်နယ်ဆေးရုံတွင် လက်ထောက်ဆရာဝန်တစ်ဦး လစ်လပ်လျက်ရှိပါတယ်။ သို့ဖြစ်၍ ၎င်းလက်ထောက်ဆရာဝန်တစ်ဦး ခန့်ထားနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းအနေဖြင့် ပစ္စည်းများလိုအပ်လျက်ရှိရာ ပစ္စည်းများလိုအပ်မှုကို တွဲဘက်ပြည်နယ်ကျန်းမာရေးဦးစီးမှူးရုံးမှနေ၍ တင်ပြနိုင်ရန်အတွက် ညွှန်ကြားပြီးဖြစ်ပါသည်။ ၎င်းညွှန်ကြားချက်ရရှိပါက ပစ္စည်းများကိုပေးပို့ပြီး ပစ္စည်းများတပ်ဆင်နိုင်ရန်အတွက် ကျွမ်းကျင်သောပညာရှင်များ စေလွှတ်ပြီး အမြန်ဆုံးတပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကြည်၏မေးခွန်းအား တင်ပြသွားပါမယ်။ မိုင်းတုံမြို့နယ်ဆေးရုံတွင် ဒေါက်တာမောင်မောင်ဌေးကို ကျန်းမာရေးဝန်ကြီးဌာနမှ မြို့နယ်ဆရာဝန်အဖြစ် ခန့်အပ်ခဲ့ပါတယ်။ သို့အတွက် လက်ထောက်ဆရာဝန်ခန့်အပ်ရန် လိုအပ်လျက်ရှိပါတယ်။ လက်ထောက်ဆရာဝန်နှင့် ၎င်းတင်ပြပါမြို့နယ်ဆေးရုံတွင် သွားဘက်ဆိုင်ရာဆရာဝန်များ ခန့်အပ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ခန့်အပ်ခွင့်ရရှိရေးကို ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်၍ ခန့်အပ်ခွင့်ရရှိပါက အမြန်ဆုံးဦးစားပေး၍ ဖြည့်ဆည်းခန့်အပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် သွားဘက်ဆိုင်ရာဆရာဝန်ကို ခန့်အပ်တာနဲ့တစ်ပြိုင်တည်း အချိန်မီဖြစ်စေရန်အတွက် သွားဘက်ဆိုင်ရာ Dental Chair နှင့် ဆေးဘက်ဆိုင်ရာ ဆေးပစ္စည်းကိရိယာများကိုလည်း တင်ပြနိုင်ရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးမှူးသို့လည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးမှူးသို့လည်းကောင်း အမြန်ဆုံးတင်ပြရန် ညွှန်ကြားခဲ့ပြီးဖြစ်ပါတယ်။ ညွှန်ကြားခဲ့ပြီး ရရှိပါကအမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၏မေးခွန်းအား တင်ပြဖြေရှင်းပြပါ့မယ်။ ကလေးမြို့နယ်ရှိ ကျန်းမာရေးဌာနခွဲမှာ(၁၁)ခု၊ ဒေသန္တရဆေးခန်းတစ်ခုတို့ကို အသစ်ဆောက်လုပ်ရန်အတွက် တင်ပြခဲ့ရာ ၎င်းတို့ဆောက်လုပ်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်ခဲ့ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ အမျိုးသားစီမံကိန်းတွင် မပါဝင်ခဲ့ရာ အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းကိုဆောင်ရွက်ရန်အတွက် ဆောက်လုပ်ဆဲကိစ္စများသာလျှင် ဖြည့်စွက်ရန်ပုံငွေအဖြစ်တင်ပြလျာထားနိုင်ခြင်းရှိပါတယ်။ သို့ဖြစ်ရာ တင်ပြပါ ကျန်းမာရေးဌာနခွဲ(၁၁)ခုနှင့် ဒေသန္တရဆေးခန်းတစ်ခုအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျာထားခြင်း မပါရှိခဲ့ခြင်းဖြစ်ပါ၍ သက်ဆိုင်ရာဒေသန္တရစီမံကိန်းများ၌ ပါဝင်အောင်ဆောင်ရွက်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏မေးမြန်းချက်အား ရှင်းလင်းတင်ပြပါ့မယ်။ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်တွင် ၂၅ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံနှစ်ရုံခန့် ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းဆေးရုံများမှာ ဇီးပြားတိုက်နယ်ဆေးရုံနှင့် ရေပြာတိုက်နယ်ဆေးရုံတို့ဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနရှစ်ခု၊ တင်ပြပါ ကျေးလက်ကျန်းမာရေးရှစ်ခုမှာ (ဇီးပြား၊ ချောင်းကူး၊ ကိုင်းလယ်၊ နံ့သာ၊ ရေပြာနှင့် ကျောက်တိုက်ခင်၊ ထန်းတော၊ တံစူး)တို့ကိုဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ယခုတင်ပြလာသော ကိုင်းလယ်ကျေးရွာတွင် လူဦးရေ ၂၄၁၁ ဦး၊ အိမ်ခြေ ၅၇၁ အိမ် ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးမှ အောင်လံ၊ ဆိပ်ဖြူ၊ ထီးလင်းနှင့် မင်းလှမြို့နယ်များတွင် တိုက်နယ်ဆေးရုံများဖွင့်လှစ်ရန် လျာထားခဲ့ပြီးဖြစ်ပါတယ်။ သို့ရာတွင် ယခုတင်ပြချက်အရ ကိုင်းလယ်ကျေးရွာကိုလည်း တိုက်နယ်ဆေးရုံအတွက် ဖွင့်လှစ်ပေးရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၀။**

**မူကြမ်း**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က The Whipping Act (1909) (ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က The Whipping Act 1909 (ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို တင်သွင်း ရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ သက်ဆိုင်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်(တရားလွှတ်တော်ချုပ်၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်အားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ(The Whipping Act,1909)ကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆဲဥပဒေများကို ပြောင်းလဲဖြစ်ပေါ်နေတဲ့အခြေအနေနဲ့ ကိုက်ညီမှုရှိ/မရှိ၊ အများပြည်သူဆိုင်ရာ လိုက်နာနိုင်မှုရှိ/မရှိနဲ့စပ်လျဉ်းပြီးတော့ လွှတ်တော်ကော်မတီအသီးသီးကနေပြီးတော့ စိစစ်လေ့လာပြီးတဲ့နောက် ကြိမ်ဒဏ်ပေးခြင်းဥပဒေကို ရုပ်သိမ်းသင့်ကြောင်း တွေ့ရှိရတဲ့အတွက် ရုပ်သိမ်းဖို့အတွက် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အကြောင်းကြားခဲ့ပါတယ်။ အဲဒီအကြောင်းကြားချက်နဲ့အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်တဲ့အခါမှာတော့ ကြိမ်ဒဏ်ပေးခြင်းဥပဒေဟာ ၁၉၀၉ ခုနှစ်က စတင်ပြဋ္ဌာန်းခဲ့တာတွေ့ရပါတယ်။ တွေ့ရပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိစကာလအထိ ကျင့်သုံးခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့်လို့ အဲဒီလိုနောက်ပိုင်းမှာတော့ ဒီဥပဒေကို ကျင့်သုံးခြင်းမရှိပါဘူး။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ မှာ လူ့သိက္ခာညှိုးနွမ်းစေသော ပြစ်ဒဏ်မျိုးမပေးရလို့ ပြဋ္ဌာန်းခဲ့တဲ့

အတွက် အဲဒီအချိန်ကစပြီးတော့ တရားရုံးများက ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ကျင့်သုံးခြင်း မပြုဘဲနေခဲ့တာဟာ ယနေ့အချိန်ကာလအထိ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆဲပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄၄ မှာလည်း လူ့သိက္ခာကို ညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိစေရလို့ ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေမှာတော့ လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေတဲ့ ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိလို့ တားမြစ်ထားတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေဟာ ယနေ့အထိအောင် တည်ဆဲဥပဒေတစ်ရပ် ဖြစ်ပါတယ်။ ကြိမ်ဒဏ်ချမှတ်ခြင်းဟာ လူ့သိက္ခာကိုညှိုးနွမ်းသေးသိမ်စေတဲ့ ပြစ်ဒဏ်မျိုးဖြစ်တယ်လို့ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိလို့ ယူဆနိုင်ပါတယ်။ ဒါ့အပြင် ဒီကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကိုလည်း ကာလကြာရှည်စွာ အသုံးမပြုဘဲထားခဲ့တာကြာမြင့်တဲ့အပြင် နောင်ကာလများမှာလည်း ကျင့်သုံးရန် အကြောင်းမရှိတော့တဲ့အတွက် လက်ရှိအခြေအနေနဲ့လည်း ကိုက်ညီမှုမရှိတဲ့အတွက် ကြိမ်ဒဏ်ပေးခြင်းဥပဒေကို ရုပ်သိမ်းဖို့သင့်ကြောင်း တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို သုံးသပ်ဖို့အတွက် တင်ပြတဲ့အခါမှာလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း ထောက်ခံထားပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ (The Whipping Act,1909) ကို ရုပ်သိမ်းသင့်တဲ့အတွက် ရုပ်သိမ်းသင့်တဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ (The Whipping Act,1909) ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ ကိုရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိ မှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ခင်ဌေးကြွယ်ဖြစ်ပါတယ်။ ကျွန်မမှ ပြည်ထောင်စုလွှတ်တော်တရား ရုံးချုပ်က တင်သွင်းထားသည့် (The Whipping Act,1909) ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို

ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီကိုယ်စားဖတ်ကြား တင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာသည့် ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ (The Whipping Act,1909) ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် ၁၉၀၉ ခုနှစ်တွင် အိန္ဒိယအက်ဥပဒေ အမှတ်(၄)အဖြစ် ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပြီး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းကြာမြင့်ပြီဖြစ်၍ ယခုအခါ ကြိမ်ဒဏ်ပေးခြင်း ပြစ်ဒဏ်ကို လက်တွေ့ကျင့်သုံးခြင်းမရှိသဖြင့် ရုပ်သိမ်းလိုခြင်းဖြစ်ကြောင်း တင်ပြထားပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၉-၅-၂၀၁၃ ရက်နေ့တွင်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ(၁၂) ချက်နှင့်အညီ စိစစ်ခဲ့ကြရာ ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေသည် လက်တွေ့ကျင့်သုံးခြင်းမရှိခြင်း၊ ခေတ်ကာလနှင့် ဆီလျော်မှုမရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄ ပါ လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေသည့် ပြစ်ဒဏ် ပြဋ္ဌာန်းခွင့် မရှိစေရဟူသော ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိခြင်းတို့ကြောင့် ဤဥပဒေကြမ်းကို ရုပ်သိမ်းသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က (The Whipping Act,1909) ကြိမ်ဒဏ်ပေးခြင်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို တင်သွင်းသကဲ့သို့ သယံဇာတနှင့် အလားတူ ... 

သကဲ့သို့ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်ကလည်း အလားတူ ဥပဒေကြမ်းကို ပေးပို့ခဲ့၍ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ လက်ခံရရှိထားပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဦးသိန်းညွန့်တို့မှ ထိုဥပဒေကို ရုပ်သိမ်းရန် သဘောထားခြင်းတူညီတဲ့အတွက် ဒီဥပဒေကြမ်းနှစ်ခု

စလုံးကို နှစ်ခုစလုံးဆိုတာက ဦးသိန်းညွန့်တင်ပြတဲ့ ဥပဒေကြမ်းနဲ့ အခု ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကတင်ပြတဲ့ ဥပဒေကြမ်း အဓိပ္ပာယ်အတူတူပါပဲ။ သို့ပေမယ့် နှစ်ခုစလုံးကို ရုပ်သိမ်းရန် သဘောတူညီတဲ့အတွက် ဒီဥပဒေကြမ်းနှစ်ခုစလုံးကို တပေါင်းတည်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နဲ့ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၅-၆-၂၀၁၄ ရက်(ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ စာအရသာ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ ဆိုပေမယ့် တကယ်တမ်းကျတော့ ဒီဥပဒေကို ပြန်လည် ရုပ်သိမ်းဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားကို ရယူခြင်းပဲဖြစ်ပါတယ်။ အင်မတန်မှ လွယ်ကူရှင်းလင်းတဲ့ကိစ္စဖြစ်ပါတယ်။

**ဦးသိန်းညွန့်၊ သယံဇာတနှင့်ကျွန်းမဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ရုံးက အမိန့်အမှတ် (၅၁/၂၀၁၃) ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်သည့် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ နိုင်ငံရေးအကျဉ်းသားများအား ပြစ်ဒဏ်မှလွတ်ငြိမ်း ချမ်းသာခွင့်ပြုခဲ့ခြင်း၊ အမိန့်အမှတ်(၁/၂၀၁၄)ဖြင့် အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံ လျက်ရှိသော အကျဉ်းသားများကို ပြစ်ဒဏ်ပြောင်းလဲပေးခြင်းနှင့် လျှော့ပေါ့ကျခံစေခြင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း စသည်ဖြင့် အကျဉ်းသားများအား လွတ်ငြိမ်းခွင့်ပြုခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်အား ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင် ပါသည်။ ထို့အပြင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးသည် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀၄(ခ)အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ဆက်လက်ထုတ်ပြန်ပေးရန်အတွက် နိုင်ငံတော်သမ္မတကြီးအား ပြည်သူ့လွှတ်တော်က ထပ်မံတိုက်တွန်း ကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အစီအစဉ် ၈ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး... 

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဆုံး ဒီအဆိုကိုမတင်ခင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင်လည်းဖြစ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကို ဒီအဆိုတင်သွင်းခွင့်ပေးတဲ့အတွက် လွန်စွာကျေးဇူးတင်ကြောင်း ကျွန်တော်ဖော်ပြပါရစေ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအဆိုမှာ အပိုဒ် ၂ ပိုဒ်ရှိပါတယ်။ သို့သော် အဆိုရဲ့သဘောအတိုင်း ကျွန်တော် အပြည့်အစုံ ဖတ်ပြပါမယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၅၁/၂၀၁၃)၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်နေ့စွဲဖြင့် ထုတ်ပြန်သည့် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ နိုင်ငံရေးအကျဉ်းသားများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အမိန့်အမှတ်(၁/၂၀၁၄)ဖြင့် အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများကို ပြစ်ဒဏ်ပြောင်းလဲပေးခြင်းနှင့် လျှော့ပေါ့ကျခံစေခြင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းစသည်ဖြင့် အကျဉ်းသားများအား လွတ်ငြိမ်းခွင့်ပြုခဲ့သော နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်အား ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။ ထို့အပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် နိုင်ငံရေးလုပ်ငန်းစဉ်တွင် အားလုံးပါဝင်နိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ဆက်လက်ထုတ်ပြန်ပေးရေးအတွက် နိုင်ငံတော်သမ္မတကြီးအား ပြည်သူ့လွှတ်တော်က ထပ်မံတိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ဤအဆိုကို ကျွန်တော်တင်သွင်းတဲ့အခါမှာ သမ္မတကြီးအား ချီးကျူးတယ်ဆိုတဲ့အပိုဒ်နဲ့ ပတ်သက်ပြီးတော့ အခုရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ် အဲ့ဒီကာလက လွှတ်တော်မှာမရှိသေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း နောက်ကြောင်းပြန်ပြီးတော့ အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့က ဒီလွှတ်တော်ကြီးမှာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်ရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်း အဆိုတင်သွင်းခဲ့ပါတယ်။ ကျွန်တော့်

**မူကြမ်း**

အဆိုကို ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ်က ဦးစိုင်းမောင်တင်က ထောက်ခံခဲ့ပါတယ်။ အဲ့ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ဒီလွှတ်တော်ထဲမှာရှိတဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားပါတီများက ကိုယ်စားလှယ်တွေ၊ တပ်မတော်သားကိုယ်စားလှယ်များ အဲ့ဒီအချိန်က ဗိုလ်မှူးကြီးအဆင့်ရှိတဲ့ ဗိုလ်မှူးကြီးဌေးနိုင်တို့၊ ဗိုလ်မှူးကြီးတင့်ဆန်းတို့ အားလုံးကပါ ပါဝင်ထောက်ခံပေးလိုက်တဲ့အတွက် ဒီအဆိုဟာ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ နောက်ဆုံးဒီအဆိုဟာ လွှတ်တော်မှာ ဆွေးနွေးစရာမလိုဘူး။ ဥက္ကဋ္ဌကြီးက ဒီအဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့သဘောတူပြီးဖြစ်တဲ့အတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များကို သင့်မြတ်သောအချိန်တွင် ဆက်လက်ထုတ်ပြန်ပေးရေးအတွက် နိုင်ငံတော်သမ္မတအား မေတ္တာရပ်ခံကြောင်းဆိုပြီးတော့ လွှတ်တော်ဥက္ကဋ္ဌကြီးက ဒီအဆိုကို အတည်ပြုပေးခဲ့ပါတယ်။ ဒီအဆိုဟာ တစ်နည်းအားဖြင့်ပြောရရင် ကျွန်တော်တို့ရဲ့ အမျိုးသားအင်အားစုတွေဖြစ်တဲ့ နိုင်ငံရေးပါတီလွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားပါတီအသီးသီးက လွှတ်တော်ကိုယ်စားလှယ်တွေ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တဲ့ အမျိုးသားအင်အားစုများက ကျွန်တော့်အဆိုကိုနားလည်ပြီးတော့ ပူးပေါင်းပြီးဆောင်ရွက်ပေးခဲ့တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကြီးကနေ ဒီလိုအဆိုမျိုးချမှတ်ပြီးတဲ့နောက်ပိုင်းမှာ အကျဉ်းထောင်ကလူပေါင်းများစွာ လွတ်လာခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်မှာလည်း ပါဝင်ခဲ့ကြပါတယ်။ သုံးနှစ်ပြည့် သမ္မတကြီးရဲ့မိန့်ခွန်းမှာ ဒီအကျဉ်းသား ၆၀၀၀၀ ကျော်လွှတ်ပေးနိုင်ခဲ့တဲ့အကြောင်းလည်း လွှတ်တော်ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

အဲ့ဒါကြောင့် အမျိုးသားအင်အားစုများရဲ့ တစ်ညီတစ်ညွတ်တည်းရပ်တည်မှုကြောင့် အကျဉ်းသား ၆၀၀၀၀ ကျော်ပြန်လည်လွတ်လာခဲ့တဲ့အတွက် ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကို ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်တယ်ဆိုတဲ့အပိုဒ်၊ ကျွန်တော်အပိုဒ်တစ်ပိုဒ် ဦးစွာဖော်ပြရခြင်းဖြစ်ပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုဒ်ကို ကျွန်တော် ဖော်ပြရတဲ့အကြောင်းကတော့ ကျွန်တော်အဲ့ဒီအဆိုတင်စဉ်အချိန်တုန်းက အခြေခံဥပဒေမှာ ပုဒ်မနှစ်ခုရှိပါတယ်။ ပုဒ်မ(က)နဲ့ ပုဒ်မ(ခ)ပါ အခု ၆၀၀၀၀ ကျော်ပြန်လွှတ်တာကို လေ့လာကြည့်တဲ့အခါမှာ ပုဒ်မ(က)မှာ ပါတဲ့အချက်နဲ့ ပြန်လွှတ်ခဲ့တဲ့အကြောင်းကို တွေ့ရှိရပါတယ်။ အဲ့ဒါကြောင့်လည်း အခု ကျွန်တော်ဒီမှာ ကျွန်တော်တို့လွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင်ပါဝင်တဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရဲ့ ထောက်ခံချက်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)အရ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်

အမိန့် ဆက်လက်ထုတ်ပြန်ပေးဖို့ တင်ပြရတာဟာ အရင်းခံအကြောင်းနှစ်ချက်ရှိပါတယ်။ တစ်ချက်ကတော့ ကျွန်တော်ဒီမှာဖော်ပြထားတဲ့အတိုင်း လူသားချင်းစာနာထောက်ထားမှုအရ ဒီနေ့အကျဉ်းထောင်ထဲမှာရောက်နေတဲ့ အကျဉ်းကျခံနေတဲ့ပုဂ္ဂိုလ်တွေနဲ့ပတ်သက်တဲ့ အပိုင်းတစ်ပိုင်းဖြစ်ပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ အရင်ကျွန်တော်လွတ်ငြိမ်းချမ်းသာခွင့် တင်စဉ်တုန်းကတော့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရတဲ့ အကျဉ်းသားများကို ဦးစားပေးပြီး သူတို့နဲ့အတူ ကျန်အကျဉ်းသားများ လွတ်လပ်ခွင့်ပေးဖို့ ဤပြည်သူ့လွှတ်တော်ကြီးမှာ ကျွန်တော်လေးလေးနက်နက်တင်ပြခဲ့ပါတယ်။ အခုအပတ်မှာတော့ ဒီဟာဘာဖြစ်လို့ ကျွန်တော်တင်ရလဲဆိုရင် နိုင်ငံတော်ရဲ့တာဝန်ကို နှစ်ပေါင်းများစွာ ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့ပြီးမှ ကံမကောင်းလို့ဘဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့တရားစီရင်ရေးစနစ် မေးခွန်းထုတ်ခံရတဲ့ကာလမှာ ပြစ်ဒဏ်တွေ ရာနဲ့ချီပြီးကျခဲ့တဲ့ သို့မဟုတ် ရာစုနှစ်နီးပါးကျခဲ့တဲ့ ပုဂ္ဂိုလ်တွေလည်းပတ်သက်ပါတယ်။ ဒီလိုတင်တဲ့အခါမှာလည်း ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(င)မှာပါတဲ့ တရားမျှတခြင်းဆိုတဲ့အချက်ကို သူတို့လည်း ခံစားစေချင်တယ်။ အချက်နှစ်ချက် ကျွန်တော်တို့ တွေ့ရပါတယ်။ တချို့ဆိုရင် ဒါစစ်သားဟောင်းတွေဆိုရင် သူတို့ကို အမိန့်ပေးတဲ့ပုဂ္ဂိုလ်ကိုယ်တိုင် ပြန်လွတ်လာတဲ့အချိန်မှာ သူတို့ကအကျဉ်းထောင်ထဲမှာပဲ နေနေရတုန်းပါ။ ဒီလိုပါပဲ။ တိုင်းပြည်ကို သူပုန်ထတယ်ပဲခေါ်ခေါ်၊ တော်လှန်တယ်ပဲခေါ်ခေါ်၊ အဲ့ဒီလိုနှစ်တစ်ရာကျော်ကျခဲ့တဲ့ပုဂ္ဂိုလ်တွေတောင် ပြန်လွတ်လာတဲ့အခါမှာ အကျဉ်းထောင်ထဲမှာ ဆက်လက်နေခဲ့ရတဲ့သူတို့ဘဝ၊ သူတို့မိသားစုတွေရဲ့ခံစားမှုကိုလည်း ကျွန်တော်တို့ စာနာနားလည်ပေးဖို့လိုပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ အချက်အလက်တချို့ ကျွန်တော်အကျဉ်းချုပ်လေး တင်ပြပါရစေ။ ဒီပုဂ္ဂိုလ်ကတော့ တစ်ချိန်တုန်းက တပ်မတော်မှာ ဗိုလ်မှူးချုပ်ဟောင်းဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီးတော့ ဒီနေ့မြင်းခြံအကျဉ်းထောင်မှာရောက်နေတဲ့ ဦးသိန်းဆွေ ဖြစ်ပါတယ်။ သူ့သားရဲ့တင်ပြချက်အရ စုစုပေါင်းထောင်ဒဏ် ၁၄၆ နှစ် ပြစ်ဒဏ်ချမှတ်ခံရပြီးတော့ အခုအသက် ၇၁ နှစ်ရှိပါပြီ။ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါအပြင် ဆီးကျိတ်ရောင်ရောဂါတွေကြောင့် ရောဂါဝေဒနာအင်မတန်ဆိုးတဲ့ အခြေအနေမျိုး ကြုံတွေ့နေရပါတယ်။ သူနဲ့အတူအမှုတွဲကတော့ ၂၁ တွဲရောက်ရှိပါတယ်။ အကျဉ်းထောင်အသီးသီးမှာ နေနေရပါတယ်။ နောက်တပ်မတော်အရာရှိဟောင်းတစ်ယောက်ကတော့ ဗိုလ်ကြီးနေလင်းထွေး လေတပ်ကဖြစ်ပါတယ်။ သူ့ရဲ့စစ်တက္ကသိုလ်အပတ်စဉ် (၃၇) ဖြစ်ပါတယ်။ သူ့ညီကကျွန်တော့်ဆီ တင်ပြလာတဲ့စာထဲမှာ သူ့အစ်ကိုရဲ့ ဇနီးနဲ့ကလေးနှစ်ယောက်

ကျား ၁၂ နှစ်၊ မ ၄ နှစ်တို့ဟာ မိတ္ထီလာမြို့မှာရှိတဲ့ ဇနီးရဲ့ဖခင်အိမ်မှာနေထိုင်ရပြီးတော့ သူတို့ဇနီး မောင်နှံနဲ့ မိခင်မုဆိုးမကြီးဟာ ၆၈ နှစ်၊ သူ့ကိုဖမ်းထားတဲ့အချိန်မှာ အဖေက အသည်းကင်ဆာနဲ့ဆုံး သွားတာလေးနှစ်၊ ထောင်ဝင်စာ နှစ်ပတ်တစ်ခါအတတ်နိုင်ဆုံးကြိုးစားပေမယ့် နှစ်နှစ်ဆယ်နောက်ထပ် ထောင်ထဲမှာနေရတဲ့အတွက် အနာဂတ်ပျောက်နေတဲ့ ဖခင်တစ်ယောက်ရဲ့ သားလူမမယ်တစ်ယောက် ကို သူ့အဖေထောင်ကျတာကိုတောင် အသိပေးမထားပါဘူး။ သူတို့အတွက် လွတ်ရက်ကိုမျှော်နေပါ တယ်ဆိုပြီးတော့ ရေးထားပါတယ်။ ဒီလိုပဲ မိခင်တွေရဲ့အသက်အရွယ်ကို အကြောင်းပြုပြီးတော့ သာယာဝတီထောင်မှာရှိတဲ့ ဗိုလ်မှူးဝင်းနိုင်ကျော်။ အဲ့ဒီအပြင် အကျဉ်းကျခံရတဲ့လူအသီးသီးရဲ့ မိခင်အိုကြီးများရဲ့အခြေအနေကို တင်ပြထားတဲ့ စာပေါင်းများစွာထဲက တစ်စိပ်တစ်ဒေသကို ကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် လွှတ်တော်ကို တင်ပြပါတယ်။ အဲ့ဒီလိုပဲ ဒီနိုင်ငံ့တာဝန်ထမ်းရင်းနဲ့ အရေးယူခံ ရတဲ့ အကောက်ခွန်ဝန်ထမ်းတွေပါ။ သူတို့နဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော် ဒီလွှတ်တော်ကြီးမှာ မေးခွန်းမေးခဲ့တဲ့အတွက် နိုင်ငံတော်က ပူတာအိုအကျဉ်းထောင်ကနေ သာယာဝတီ အကျဉ်းထောင်ကို ပို့ပေးခဲ့ပါတယ်။ အဲ့ဒီထဲမှာဆိုရင် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားဂုဏ်ဆောင်ခဲ့တဲ့ ကိုဖုန်းကျော် ပါဝင်ပါတယ်။ သူတို့အမှုမှာအားလုံး ကိုအောင်ကျော်မိုး ပါ ၁၉ ဦး ယနေ့အထိ သာယာဝတီအကျဉ်း ထောင်ထဲမှာရှိနေပါတယ်။ ဒါလူသားချင်းစာနာထောက်ထားမှုအရ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက် ကျွန်တော်တင်ပြချင် တာက ဘာဖြစ်လို့ ကျွန်တော် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ထပ်မံထုတ်ပေးဖို့တင်ပြရလဲဆိုရင် အစောတုန်းက ကျွန်တော်တို့ ဒီလွတ်ငြိမ်းခွင့်ပေးခဲ့တယ်ဆိုတာ ပြန်ကြည့်လိုက်ရင် Pardon Amnesty မဟုတ်ပါဘူး။ အဲ့ဒီတော့ ကျင့်ထုံးပုဒ်မ ၄၀၁ (၁)အရ သူတို့မှာ အရပ်စကားနှင့်လွယ်လွယ်ပြောရင် တော့ ထောင်ကြွေးကျန်တွေရှိနေပါတယ်။ ထောင်ကြွေးကျန်တွေရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ ယနေ့ နိုင်ငံ့ တာဝန်အသီးသီး၊ တိုင်းပြည်ရဲ့အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ပါဝင်နေပါပြီ။ အဲ့ဒါကြောင့် ကျွန်တော်တို့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းအားဖြင့် ချေဖျက် ပေးဖို့လိုပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အခုသမ္မတကြီးလက်ထက်မှာ နှုတ်နဲ့ ဒီထောင်ကြွေးကျန် တွေကို နောက်အမှုဖြစ်ရင် ထည့်မတွက်ဘူးလို့ပြောထားပေမယ့် ဒါဥပဒေအရ အာမခံချက်မဟုတ်ပါ ဘူး။ နောင်သမ္မတဖြစ်လာမယ့်လူလက်ထက်ကျတော့ စိတ်ပြောင်းသွားပြီးတော့ ထောင်ကြွေးကျန်နဲ့ သာဆော်မယ်ဆိုရင် ခံရမယ့်ထောင်ဒဏ်တွေဟာ နည်းတာမဟုတ်ပါဘူး။ တချို့ဆိုရင် နှစ်ပေါင်း ဆယ်စုနှစ်အမျှ ကျနေပါတယ်။ ဒါကြောင့် ကျွန်တော်က လက်ရှိအကျဉ်းထောင်ထဲမှာ ရောက်နေတဲ့

တိုင်းပြည်အတွက် တစ်ချိန်တစ်ခါက ရှုပ်ရှုပ်ချွချွထမ်းဆောင်ခဲ့တဲ့ တပ်မတော်သားဟောင်းတွေ၊ နိုင်ငံ့ဝန်ထမ်းဟောင်းတွေအပါအဝင် အကျဉ်းထောင်က ပြန်လည်လွတ်နိုင်ဖို့ဆိုတာ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ပေးမှသာ ၁၀ နှစ်၊ ၁၅ နှစ်၊ နှစ်ပေါင်း ၂၀ ခံနေရတဲ့ သူတို့ကို အကျဉ်းထောင်ထဲ က ဆွဲထုတ်နိုင်မှာပါ။ သူတို့ရဲ့မိသားစုတွေရဲ့ အပြင်မှာခံစားနေရတဲ့ဒုက္ခတွေကိုလည်း ကျွန်တော်တို့ ဘာပြောပြောပေါ့ ဒီလွှတ်တော်ကြီးကနေ ပေါ်ပေါက်လာတဲ့အတွက် ကုစားပေးနိုင်တယ်ဆိုတာ ဖော်ပြ နိုင်ရင် ကျွန်တော်တို့ရဲ့အသွင်ကူးပြောင်းမှုကာလပေါ်မှာ ပြည်သူလူထုရဲ့ယုံကြည်မှုကို အများကြီး ကျွန်တော်တို့ ထောက်ခံမှုရလာမှာပါ။ နောက်တစ်ချက်ကလည်း အကျဉ်းထောင်ထဲမှလူတွေတင် မဟုတ်ပါဘူး။ ခုနက ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ထောင်ကြွေးကျန်သမားများအတွက်လည်း ဒီအထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ပေးဖို့လိုအပ်ပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အသစ်အဆန်းမဟုတ်ပါဘူး။ ကျွန်တော်တို့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရတဲ့ အခါမှာ လွတ်လပ်ရေးရတဲ့နေ့မှာပဲ Amnesty Order ခေါ်တဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုပါပဲ ကျွန်တော်တို့ တိုင်းပြည်မှာ တောတွင်းလက်နက်ကိုင်တွေ ဥပဒေဘောင် ထဲရောက်ဖို့ ဥပဒေဘောင်ထဲရောက်လာရင်လည်း သူတို့အတွက် ပါတီတည်ထောင်ခွင့်၊ ဥပဒေဘောင် ထဲမှာ ငြိမ်းချမ်းစွာရပ်တည်ခွင့်ပေးနိုင်ဖို့အတွက် ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့က နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက သင်ပုန်းချေ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲ့ဒီ အပြင်လားဆိုတော့ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုဖော်ဆောင်နိုင် ဖို့အတွက် အဲ့ဒီအချိန်အခါက တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးနေဝင်းကနေ တရား ဥပဒေကဲ့သို့ အာဏာတည်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုပါပဲ မေလ ၂၈ ရက်၊ ၁၉၈၀ ခုနှစ်မှာ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး အောင်မြင်တဲ့အထိမ်းအမှတ်နဲ့ နိုင်ငံတော်ကောင်စီကနေ အမိန့်အမှတ်(၂/၈၈)ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြီးတော့ ဒီအကျဉ်းထောင်ထဲမှာရှိတဲ့ နိုင်ငံရေးအရ ဖမ်းထားတဲ့လူတွေ၊ နိုင်ငံတော်ကို လက်နက်ကိုင် သောင်းကျန်းလို့ ဖမ်းထားတဲ့လူတွေ အပါအဝင်လွတ်ခဲ့ကြပါတယ်။ အဲ့ဒီအထဲမှာ ၁၉၆၃ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဆိုရင် အဲ့ဒီလို ကိစ္စတင်မဟုတ်ဘူး။ ဒီဝန်ထမ်းတွေ စုံစမ်းစစ်ဆေးအရေးယူ မှုခံရတာတွေနဲ့လည်း ကင်းလွတ်ခွင့်ပေးခဲ့ပါတယ်။ သို့သော် မပေးတဲ့ဟာကတော့ ဘယ်လွတ်ငြိမ်း ချမ်းသာခွင့်မှာပဲဖြစ်ဖြစ် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးကို ထိခိုက်နစ်နာမှု၊ ပုဂ္ဂလိကပစ္စည်းဖျက်ဆီးမှု

တွေကိုတော့ လုံးဝအထွေထွေလွတ်ငြိမ်းချမ်းသာ ခွင့်ပေးလေ့ပေးထမရှိပါဘူး။ တစ်စုံတစ်ရာအကန့် အသတ်နဲ့သာ သက်ညှာခွင့်ပေးခဲ့ပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ရဲ့နိုင်ငံရဲ့အခြေအနေကို ပြည်တွင်းအခြေအနေပဲပြန်ကြည့်ရင် ဒီ ၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့တိုင်းပြည်အတွက် ဂုဏ်ယူနိုင်လောက်တဲ့ ကျွန်းဆွယ်အားကစားပွဲကြီးကို မြန်မာနိုင်ငံက အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ပါတယ်။ ဒီလိုပါပဲ ကျွန်တော်တို့တိုင်းပြည်ရဲ့ နိုင်ငံတကာဂုဏ်သိက္ခာမှာ ထိုက်တန်တဲ့နေရာပြန်ရဖို့အတွက် အာဆီယံထိပ်သီးအစည်းအဝေးကြီးကို ဒီနေပြည်တော်ကြီးမှာပဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ အဲ့ဒီလိုပဲ နှစ်ပေါင်းနှစ်ဆယ်နီးပါးလောက် မကျင်းပနိုင်ခဲ့တဲ့ ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ ဒီအခြေအနေအသီးသီးက ကျွန်တော်တို့ပြည်တွင်းအခြေအနေမှာနောက် ထပ်လွတ်ငြိမ်းချမ်းသာခွင့်၊ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်တစ်ရပ်ပေးဖို့အတွက် အခြေအနေရင့်မှည့်နေပြီဆိုတာ ဖော်ပြနေပါတယ်။ နိုင်ငံတကာအနေနဲ့ကြည့်ရင်လည်း မနေ့ကပဲ အမေရိကန်သမ္မတ အိုဘားမားက စစ်တက္ကသိုလ်မိန့်ခွန်းမှာ ယနေ့မြန်မာနိုင်ငံနဲ့ သူတို့ပြောင်ဝေဖန်မှု၊ သံတမန်နည်းအရဆွေးနွေးမှု၊ ကူညီထောက်ပံ့မှုများကိုဆောင်ရွက်ပြီးတော့ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ ဘယ်မျှအထိအလားအလာရှိတယ်ဆိုတာကိုလည်း မနေ့ကပဲ ထုတ်ဖော်ပြောခဲ့ပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီလိုနိုင်ငံ ပြည်တွင်းအခြေအနေ၊ နိုင်ငံတကာအခြေအနေနဲ့ ကျွန်တော်တို့တိုင်းပြည်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တဲ့ အစဉ်အလာအတွေ့အကြုံတွေကြောင့်လည်းကောင်း၊ ကျွန်တော်တို့တိုင်းပြည်ရဲ့ ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးစိတ်ဓာတ်ကို ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့ကာလကြီးမှာ ဖော်ပြနိုင်တယ်ဆိုတာကို ပြသတဲ့အနေနဲ့လည်းကောင်း ကျွန်တော်တို့ ဒီနေရာမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)ကို အသက်ဝင်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရဲ့ထောက်ခံချက်နှင့်အညီ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့် ဆက်လက်ထုတ်ပြန်ရန် နိုင်ငံတော်သမ္မတကြီးအား ပြည်သူ့လွှတ်တော်က တိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့လေးလေးနက်နက် ကျွန်တော်တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဦးသိန်းညွန့်က ဒီအဆိုကို တင်သွင်းခဲ့ဖူးပါတယ်။ အဲ့ဒီတုန်းကလည်း ကျွန်မတို့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များအပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေလည်း ပါဝင်ပြီးတော့ ဆွေးနွေးခဲ့ကြပါတယ်။ နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ်(၅၁/၂၀၁၃)ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် လျှော့ပေါ့ခြင်း၊ အမိန့်အမှတ်(၁/၂၀၁၄)ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခြင်း၊ လျှော့ပေါ့ခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပါတဲ့ နိုင်ငံတော်သမ္မတကြီးအားလှိုက်လှိုက်လှဲလှဲဂုဏ်ပြုထောက်ခံအပ်ပါတယ်ရှင်။ ယခုအခါ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်ဟာ နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်သည်နဲ့လျော်ညီစွာ နိုင်ငံတော်အတွက် အရေးပါဆုံးဖြစ်တဲ့ ဒီကဏ္ဍမှာ မိမိတို့ယုံကြည်ချက်နဲ့ ဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံတော်အတွက် အရေးပါသင့်/ပါထိုက်သူများအားလုံး ပါဝင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)အရ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နဲ့ အညီ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ဆက်လက်ထုတ်ပြန်ပေးရန် နိုင်ငံတော်သမ္မတကြီးအား ပြည်သူ့လွှတ်တော်က ထပ်မံတိုက်တွန်းကြောင်း အဆိုပြုချက်ဟာ အချိန်အခါအားဖြင့်လည်းကောင်း၊ လုပ်ငန်းစဉ်အားဖြင့်လည်းကောင်း၊ လျော်ညီတဲ့အကြောင်းအရာဖြစ်တယ်လို့ ယုံကြည်တဲ့အတွက် ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုကို ကျွန်မ ဒေါ်ခင်စောဝေမှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ အဆိုနဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီးတော့မကြာမီ ၂၀၁၁ ခုနှစ်၊ မေလ ၁၆ ရက်နေ့

မှစပြီးတော့ ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့အတွင်းမှာ ပြစ်ဒဏ်ဆိုင်းငံ့လျှော့ပေါ့မှုနဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ငါးကြိမ်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁) အရ ပြစ်ဒဏ်ဆိုင်းငံ့လွတ်ငြိမ်းခွင့် ၄၃ ကြိမ်ထုတ်ပြန်ခဲ့ပြီးတော့ နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသားစုစုပေါင်း ၆၈၈၂၄ ဦးကို လွှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၃ ခုနှစ်မှစ၍ နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပြီးတော့မှ ဒီကော်မတီရဲ့စိစစ်ထောက်ခံချက်အရ နိုင်ငံရေးအကျဉ်းသားပေါင်း ၃၅၄ ဦးကိုလည်း လွှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရရှိချိန်ကနေစပြီးတော့အစိုးရအဆက်ဆက်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များကို အခါအားလျော်စွာ ထုတ်ပြန်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်းလွှတ်တော်ကိုယ်စားလှယ်ကြီးက တင်ပြသွားပြီးဖြစ်ပါတယ်။ ဒီအထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ရဲ့သဘောကတော့ သာမန်ပြစ်ဒဏ်လျှော့ပေါ့ဆိုင်းငံ့မှုနဲ့ လွတ်ငြိမ်းခွင့်ထက်ကို ပိုပြီးတော့ နက်ရှိုင်းကျယ်ပြန့်ပါတယ်။ ယေဘုယျအားဖြင့် လက်နက်ကိုင်ပဋိပက္ခ ဒါမှမဟုတ် နိုင်ငံရေးပဋိပက္ခဖြစ်စဉ်တစ်ရပ်ရပ်မှာပါဝင်ခဲ့ကြတဲ့ နှစ်ဖက်အဖွဲ့ဝင်တွေကို အာဃာတနဲ့ အပြန်အလှန်လက်စားချေဖို့ သံသရာကိုအဆုံးသတ်စေဖို့အတွက် သင်ပုန်းချေခြင်းသဘောဆောင်ပါတယ်။ ဒါ့အပြင် ခေတ်စနစ်တစ်ခုရဲ့အခြေအနေအကြောင်းကြောင်းတို့ကြောင့် မဖြစ်သင့်ဘဲပြစ်ဒဏ်ကျခံနေရတဲ့သူတွေ ထိုက်သင့်သည်ထက် ပိုပြီးတော့မှ ကြီးလေးတဲ့ပြစ်ဒဏ်ကျခံနေရသူတွေကို ပြစ်ဒဏ်မှလျှော့ပေါ့ လွတ်ငြိမ်းခွင့်ပေးခြင်းမျိုးလည်း ပါဝင်နိုင်ပါတယ်။ လက်ရှိပြစ်ဒဏ်ကျခံနေရသူများသာမက တရားစွဲခံထားရလို့ အမှုရင်ဆိုင်နေရသူများ၊ တရားရင်ဆိုင်ရခြင်းမရှိစေကာမူ သတ်မှတ်ကာလအပိုင်းအခြားအတွင်းမှာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့သက်ဆိုင်တဲ့ ပြစ်မှုကျူးလွန်ထားသူများလည်း အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်မှာအကျုံးဝင်နိုင်ပါတယ်။ အဲ့ဒီလိုနက်ရှိုင်းကျယ်ပြန့်ပြီးတော့ လေးနက်စွာ စဉ်းစားဆင်ခြင်ဆောင်ရွက်ရမယ့်ကိစ္စဖြစ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်သမ္မတအနေနဲ့အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ ထောက်ခံချက်ကိုရယူပြီးမှ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို ထုတ်ပြန်နိုင်ရန် အခွင့်အာဏာပေးထားခြင်းလည်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကာလမှာ နိုင်ငံသားတိုင်း၊ နိုင်ငံပြုလုပ်ငန်းစဉ်များမှ ပါဝင်ထမ်းဆောင်ခွင့်ရရှိရေးအတွက်လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အားပေးမြှင့်တင်နိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံသားတို့ရဲ့ကာယ၊ ဉာဏ၊ လုပ်အားများကို အလဟဿမဖြစ်စေဘဲနဲ့ နိုင်ငံအတွက် အကျိုးရှိစွာအသုံးပြုခွင့်ရရှိစေရေးအတွက်လည်းကောင်း၊ အကျဉ်းကျခံသူများရဲ့ မိသားစုများအပေါ်မှာ လူသားချင်းစာနာထောက်ထားမှုများထားရှိပြီးတော့ လူသစ်၊ စိတ်သစ်၊

ဘ၀သစ်နဲ့ မိသားစုအနာဂတ်အသစ်များ ပြန်လည်ဖော်ဆောင်ခွင့်ရရှိရေးအတွက် လည်းကောင်း၊ စိတ်ကောင်း၊ စေတနာကောင်းများထားလျက် ပြစ်ဒဏ်လျှော့ပေါ့ဆိုင်းငံ့မှုနှင့် လွတ်ငြိမ်းခွင့်များကို အကြိမ်ကြိမ်ပေးအပ်ခဲ့တဲ့အတွက် ခေတ်အဆက်ဆက်မှာ မကြုံဘူးလောက်တဲ့ အကျဉ်းသားအများ အပြားကို လွှတ်ပေးနိုင်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အဆိုမှာ နိုင်ငံတော်သမ္မတကြီးရဲ့ စိတ်ရင်းစေတနာနဲ့ ကိုက်ညီနေ သကဲ့သို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို အပတ်တကုတ် ကြိုးပမ်းအားထုတ်နေတဲ့ အခြေအနေအချိန်အခါနဲ့ များစွာလိုက်လျောညီထွေမှုရှိတဲ့အဆိုဖြစ်ပါတယ်။ အထက်မှာတင်ပြပြီးတဲ့အတိုင်း အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ရဲ့ သဘောသဘာ၀ဟာ များစွာ ကျယ်ပြန့်နက်ရှိုင်းပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးနဲ့လည်းကောင်း၊ နိုင်ငံရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုတရားမျှတမှုရရှိ စေရေး (Social Justice) တို့နဲ့လည်းကောင်း ဆက်နွယ်ပတ်သက်နေတဲ့အလျောက် အဲ့လိုအထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် မထုတ်ပြန်မီမှာ အဘက်ဘက်က ၀ိုင်း၀န်းစဉ်းစားပြီးတော့မှ အမှန် တကယ်ထိရောက်အကျိုးရှိပြီး တရားမျှတတဲ့ ပြည်သူတစ်ရပ်လုံးက လိုလားထောက်ခံမှုရှိတဲ့ အမိန့် တစ်ရပ်ဖြစ်စေဖို့ ကြိုတင်ပြုစုရမယ့်အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်သမ္မတက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ရေးကို ပြည်သူတို့ရဲ့လိုအင်ဆန္ဒနဲ့အညီ ၀ိုင်း၀န်း လေ့လာသုံးသပ် စဉ်းစားပြီးတော့ အခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)အရ သင့်လျော်တဲ့ အခြေအနေ အချိန်အခါမှာ သင့်လျော်သောလုပ်ဆောင်မှုများ ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို တင်သွင်းတဲ့ ဦးသိန်းညွန့် ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထဲရေး၀န်ကြီးဌာန ဒုတိယ၀န်ကြီးက သမ္မတကြီးရဲ့ဆန္ဒသဘောထားနဲ့ ဒီနက်ရှိုင်း ကျယ်ပြန့်တဲ့ကိစ္စကို သင့်တော်တဲ့အချိန်မှာ ဆောင်ရွက်ပေးမယ်ဆိုတဲ့အတွက် နိုင်ငံတော်သမ္မတကြီးကို ထပ်မံကျေးဇူးတင်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြပါရစေ။ နောက် ဒုတိယအချက်ကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင်က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီမှာ ပါ၀င်နေတဲ့အဖွဲ့၀င်ဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးက ကျွန်တော်တို့တိုင်းပြည်ရဲ့ သမိုင်းဆိုင်ရာ တာ၀န်တစ်ခုကို ပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)ကို အကောင်အထည်ဖော်တဲ့ ခေါင်းဆောင်တစ်ယောက်အဖြစ်

ပေးမယ်လို့ယုံကြည်တဲ့အတွက် ကျွန်တော့်အဆိုနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌကြီး သင့်မြတ်သလိုသာ ဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံရင်း လွှတ်တော်ကို တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခဏခဏ ဥက္ကဋ္ဌကြီးကို ပညာသားပါပါနဲ့တာဝန်တွေပေးပါတယ်။ ဒါ့ကြောင့် အားလုံးရဲ့ဆန္ဒ၊ အားလုံးရဲ့ သဘောထားနဲ့အညီဖြစ်စေဖို့အတွက် ဥက္ကဋ္ဌကြီးကလည်း အချိန်ပေါ်မူတည်ပြီးတော့ ပြန်တင်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း ဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ပြန်လည်သုံးသပ်တဲ့အခါမှာ ဦးသိန်းညွန့်ရဲ့ တင်ပြတဲ့ရည်ရွယ်ချက်အတိုင်း သမ္မတကြီးမှာလည်း ဆန္ဒစေတနာတွေအပြည့်ရှိတယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)နဲ့အညီ ဆောင်ရွက်နိုင်ဖို့ အချိန်တစ်ခုကို စောင့်ဆိုင်းတွက်ချက်နေတဲ့ အချိန်ဖြစ်တဲ့အတွက် ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စားလှယ်က တင်ပြတာ ဒီအဆိုကို မှတ်တမ်းတင်ထားရှိဖို့ ဒီလိုသဘောပေါက်ပါတယ်။ မှန်ပါသလား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးသိန်းညွန့်တင်သွင်းတဲ့အဆိုကို မှတ်တမ်းတင်ထားရှိဖို့ လွှတ်တော်က သဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက် အင်္ဂါနေ့ ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၂း၁၀ နာရီအချိန် တွင်ရပ်နားပါသည်။]

**မူကြမ်း**